# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ်(၀၅၂)


## မြန်မာ-လာအို ချစ်ကြည်ရေး၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး


စာမျက်နှာ » ၃




# ငြိမ်းချမ်းမှုသည် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များရရှိရေး မရှိမဖြစ်လို အပြန်အလှန် နားလည်မှုရှိခြင်းဖြင့်သာ ခိုင်မာသည့် မိတ်ဖက်သံယောဇဉ်များ ဖော်ဆောင်နိုင်မည်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် (၁၃)ကြိမ်မြောက် အာရှ- ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

**"ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့"** ဆောင်ပုဒ်ဖြင့် (၁၃)ကြိမ်မြောက် အာရှ- ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၁)၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အေဆမ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဥရောပကော်မရှင်တို့မှ အဆင့်မြင့်အရာရှိကြီးများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❁





မြန်မာ့အလင်း

# ရခိုင်အရေး ဝေဖန်မှုများ အလုပ်ဖြင့် သက်သေပြလျှော့ချ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆင်၏ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တစ်ရက်ကြာခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးမှုများ အပြီး၌ လက်ရှိအချိန်တွင် အရေးယူပိတ်ဆို့မှုများက ဘင်္ဂါလီပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ဟု အတိအလင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ထို့အပြင် နေရပ်စွန့်ခွာ ထွက်ပြေးသူများအား ပြန်လည်လက်ခံရေး အတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်း ဆောင်ရွက်မှုများကို ကြိုဆိုကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဩဂုတ် ၂၅ ရက်အထိ အမေရိကန်ဒေါ်လာ ၈၇ သန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံ၍ အမေရိကန်ဒေါ်လာ၄၇ သန်းပေးအပ်သွားမည်ဖြစ်သည့်အပြင် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၁၄ ရက်ကလည်း (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေသည့် ကနေဒါနိုင်ငံဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုး ကလည်း မြန်မာနိုင်ငံမှ ရခိုင်အရေးကိစ္စတွင် လက်ညှိုးထိုး အပြစ်တင်ခြင်း မပြုလုပ်လိုဘဲ အကျိုးသက်ရောက်မှုရှိစေမည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုသာ ပေးအပ်သွားမည်ဟု မီဒီယာများကို ပြောခဲ့သေးသည်။

ထိုအခြေအနေသည် လက်ရှိအချိန်အထိ ဘင်္ဂါလီအရေးနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ရပ်တည်ဆောင်ရွက်ချက်များ မှန်ကန်ခဲ့သည့်အတွက် နိုင်ငံတကာဖိအားများကို စတင်ကျော်လွှားနိုင်လာသည့် အပြောင်းအလဲဟု ဆိုရမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အထက်တွင်ဖော်ပြခဲ့သည့် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့အနေဖြင့် ကနဦးကာလများ၌ ရခိုင်အကြမ်းဖက်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံကို ပြင်းထန်စွာ ဝေဖန်ခဲ့ကြသောကြောင့် ဖြစ်၏။ ပိုမိုသိသာသော အပြောင်းအလဲမှာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည့် အာဆီယံထိပ်သီးအစည်းအဝေး၌ မြန်မာနိုင်ငံမှ ဘင်္ဂါလီအရေးနှင့် ပတ်သက်၍ အထူးတလည် ဆွေးနွေးမှုမပြုခဲ့ခြင်းက သက်သေဖြစ်၏။ ထို့အတွက် နိုင်ငံအချို့မှ ဝေဖန်မှုရှိခဲ့သော်လည်း အကယ်စင်စစ်မူ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အနေဖြင့် ဝေဖန်ပြစ်တင်မှုများကို အာရုံစိုက်မနေဘဲ မိမိတို့လုပ်သင့်သည့်၊ လုပ်နိုင်သည့်၊ လုပ်ရမည့်ကိစ္စများကို လက်တွေ့ကျကျ လုပ်ဆောင်ခဲ့သည့် အကျိုးရလဒ်ကြောင့်ပင်ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိ နှုတ်ဆိတ်မနေခဲ့ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရခိုင်ပြည်နယ် အကျပ်အတည်းကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်အရေးတွင် နှုတ်ဆိတ်နေခြင်းမဟုတ်ဘဲ အပြောထက် လက်တွေ့လုပ်ဆောင်နေကြောင်း ဖော်ညွှန်းခြင်းဟု ယူဆရပေသည်။ သတိချပ်ရမည်မှာ ရခိုင်အရေးသည် မပြီးဆုံးသေးသော ခရီးရှည်တစ်ခုဖြစ်ကြောင်းကိုပင်။ ရခိုင်ဒေသ ပြန်လည်ထူထောင်ရေး အတွက် ယခုမှ စလုံးရေ စကြရမည် ဖြစ်၏။

အချုပ်ဆိုရသော် ရခိုင်အရေးသည် လက်ရှိအစိုးရအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်ခဲ့သော်လည်း စတင်ဖြစ်ပွားခဲ့သည်မှ ယနေ့အချိန်အထိ သက်ဆိုင်ရာအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်း၍ တာဝန်ရှိသူများက အခန်းကဏ္ဍအလိုက် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ ရခိုင်အရေးနှင့် ပတ်သက်ပြီး ဖြစ်ရပ်မှန်နှင့်ဆန့်ကျင်သည့် ပြောဆိုဝေဖန်မှုများ လျော့ကျပပျောက်သွားရန် အပြောမဟုတ် အလုပ်ဖြင့် သက်သေပြရန်သာ ဖြစ်ပါကြောင်း သုံးသပ်ရေးသားလိုက်ရပါသည်။ ။

**မှတ်ချက်။ ၁၇.၁၁.၂၀၁၇ ရက်နေ့ ထုတ် Democracy Today သတင်းစာပါ အယ်ဒီတာ့အာဘော်ကို ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။**

# တည်ငြိမ်အေးချမ်းရေးမှသည် ဖွံ့ဖြိုးရေးသို့

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့် အဖွဲ့အား ၁၉ ရက်နေ့ နံနက်ပိုင်းက လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ဝန်းနှင့် လမ်းကြောင်း စီမံကိန်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်ဟု သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် နိုဝင်ဘာ ၁၈ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ရောက်ရှိခဲ့ပြီး ယင်းမှနေ၍ အာရှ-ဥရောပအစည်းအဝေး တက်ရန် နေပြည်တော်သို့ လာရောက်ခြင်းဖြစ်သည်။ ထိုနေ့က မစ္စတာ ဝမ်ယိသည် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာနှင့်တွေ့ဆုံ၍ ဘင်္ဂါလီပြဿနာကို ဖြေရှင်းရာတွင် တရုတ်က ကူညီပေးမည်ဟု ကတိပြုပြောကြားခဲ့သည်။ ဤပြဿနာမှာ ရှုပ်ထွေးသော အခြေအနေတစ်ခုဖြစ်ကြောင်း၊ အလုံးစုံပြေလည်မှုတစ်ရပ် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ကြောင်း၊ တရုတ်က ကူညီဖို့အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

ယခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ မစ္စတာ ဝမ်ယိက ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ အကြံပြုချက် သုံးချက် တင်ပြသွားခဲ့သည်။ ပထမအနေနှင့်တည်ငြိမ်မှု၊ အေးချမ်းမှုရရှိပြီး နောက်ထပ် ပစ်ခတ်တိုက်ခိုက်မှု မဖြစ်ပေါ်စေရေးအတွက် ထိန်းသိမ်းရန်၊ ဒုတိယအနေဖြင့် ဆွေးနွေးပွဲအတွက် ကောင်းမွန်သောနည်းလမ်း ရှာဖွေရန်ဖြစ်ပြီး တတိယအနေဖြင့် သဘောတူညီချက် စာချုပ်ကို အမြန်ဆုံး ချုပ်ဆိုကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဖော်ဆောင်ရန် စသည်တို့ဖြစ်ပါသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ အကြံပြုချက်များမှာ လက်ရှိ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်နေသော လုပ်ငန်းစဉ်များပင်ဖြစ်ပါသည်။ စုစုပေါင်းအဖွဲ့ကိုးဖွဲ့ပါရှိသော ရခိုင်ပြည်နယ် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပေးရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (UEHRD)နှင့် ပြည်နယ်အစိုးရတို့ ညှိနှိုင်းအကောင်အထည်ဖော်နေသော လုပ်ငန်းစဉ်များတွင် ထိုအချက်များ လွှမ်းခြုံပါဝင်လျက်ရှိသည်။ လုပ်ငန်းအတော်များများကို စတင် အကောင်အထည်ဖော်လျက်ရှိနေသည်ကို တွေ့ရပါသည်။

ထို့ပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ မိန့်ခွန်းတွင် တည်ငြိမ်အေးချမ်းမှုမရှိခြင်း၏ အကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်သည် သဘာဝအရင်းအမြစ်များ ကြွယ်ဝသော်လည်း လုံလောက်သောဖွံ့ဖြိုးတိုးတက်မှု လုပ်မထားရသေးကြောင်း၊ ဤဒေသတွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးပါဝင်ကူညီဖို့ နိုင်ငံတကာ အသိုင်းအဝိုင်းကို တိုက်တွန်းကြောင်း၊ တရုတ်နိုင်ငံကလည်း တစ်ခန်းတစ်ကဏ္ဍပါဝင်ဖို့ စိတ်အားထက်သန်ကြောင်း ပြောကြားသွားခြင်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် သဘာဝအရင်းအမြစ်များ ကြွယ်ဝလှသည်မှာ အမှန်ပင်ဖြစ်သည်။ ဥပမာ၊ မောင်တောဒေသဆိုလျှင် တစ်ဖက်တွင် ပင်လယ်ပြင်၊ တစ်ဖက်တွင် မယူတောင်တန်းတည်ရှိ၍ အလယ်တွင် ရေဝတီ မြစ်ဝကျွန်းပေါ်ကဲ့သို့သော ကျယ်ပြောပြန့်ပြူးလှသည့် မြေသြဇာကောင်းသည့် လယ်မြေများရှိနေသည်။ အဓိကလိုအပ်သည်မှာ လမ်းပန်းဆက်သွယ်ရေး ဖြစ်သည်။ ယခုမူလ ဘူးသီးတောင်၊ မောင်တော တောင်ကျော်လမ်း၏ အောက်ဘက်တွင် လမ်းသစ် နှစ်လမ်းနှင့် အပေါ်ဘက်တွင် လမ်းသစ်နှစ်လမ်း ဖောက်လုပ်လျက်ရှိသည်။ ထိုလမ်းများပြီးလျှင် ရသေ့တောင်၊ ဘူးသီးတောင်ဘက်မှ ကုန်စည်များ မောင်တောနယ်စပ်က ဂိတ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကူးသန်းစီးဆင်းနိုင်မည် ဖြစ်သည်။ ထို့ပြင် လုံခြုံရေးအရလည်း အကြမ်းဖက်သမားများရန်မှ ကာကွယ်ရန် ထိုလမ်းကြောင်းများသည် များစွာ အသုံးဝင်လာမည်ဖြစ်သည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးမှာ တရုတ်နယ်စပ်၊ ထိုင်းနယ်စပ်များနှင့် မတူဘဲ မိမိဘက်မှ အမြဲပိုငွေပြသော ဂိတ်ဖြစ်ပါသည်။ ကွမ်းသီး၊ ဆီးထုပ်မှစ၍ ထွက်ကုန်မျိုးစုံ၊ သစ်တောထွက်၊ ရေထွက်ပစ္စည်းမျိုးစုံ ရောင်းရသော နယ်စပ်ဖြစ်သည်။ ယခု ကညင်ချောင်း စီးပွားရေးဇုန်ကို အကောင်အထည်ဖော်လျက်ရှိရာ များမကြာမီကာလများအတွင်း တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများကိုပါ တွေ့မြင် လာရစရာရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

## ဖန်းမော်မြို့၌ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ဖန်းမော် နိုဝင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်က နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖန်းမော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ စာပေပွဲတော်ကို ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်နှင့် ဘက်စုံထူးချွန် ကျောင်းသားကျောင်းသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပွဲတော်သို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများနှင့် အရုပ်ခေါက်ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်နေကြသည်ကို ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆုပေးပွဲအခမ်းအနားကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ကလေးစာပေပွဲတော်အတွင်း ပြိုင်ပွဲဝင်အရပ်ရပ်၌ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသည့် ကျောင်းသား ကျောင်းသူများအား ငွေသား၊ ဆုတံဆိပ်၊ ဗလာစာအုပ်နှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၀-၁၁-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၅၅/၇၆၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၀/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၀၅/၈၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၀/၇၉၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ | ·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ | ·၀ |
| ထိုင်း | တစ်ဘတ် | ၄၁ | ·၆၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ·၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၈ | ·၅၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ-လာအို ချစ်ကြည်ရေး၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လာအိုပြည်သူ့တပ်မတော်၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lt. General Chansamone Chanyalath ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-လာအို ချစ်ကြည်ရေး၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-လာအို နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-လာအို တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး MR, Lyying Sayaxang လည်း တက်ရောက်သည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် လာအိုပြည်သူ့တပ်မတော်၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lt. General Chansamone Chanyalath ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# မြန်မာ-ဖင်လန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Timo Juhani Soini ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-ဖင်လန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms. Riikka Laatu လည်း တက်ရောက်သည်။

**သတင်းစဉ်**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Timo Juhani Soini အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်

# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Lt. Gen (Han) Dr. Nano Sampono, M.Si နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Lt. Gen (Han) Dr. Nano Sampono, M.Si တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်

# ပြည်တွင်းသတင်း

***ရှေ့စာမှ***

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ပတ္တမြားခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေး သဘာပတိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် မိမိတို့ ကမ္ဘာကြီးသည် အကြောင်းတရားများစွာကြောင့် ဖြစ်ပေါ်နေသည့် အကျပ်အတည်းများနှင့် အမြဲလိုလိုပင် ကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယခုအခါ ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုနှင့် မတည်မငြိမ်ဖြစ်မှု၏ အချိန်ကာလသစ်တစ်ရပ်နှင့် မိမိတို့ရင်ဆိုင်နေရပါကြောင်း၊ ကမ္ဘာပေါ်တွင် ဖြစ်ပွားသည့် ပဋိပက္ခများသည် ခြိမ်းခြောက်မှုသစ်များ ဖြစ်ပေါ်စေခဲ့ပြီး ယင်းတို့မှာ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုပျံ့နှံ့လာခြင်း၊ လူမှုရေးဆိုင်ရာ သဟဇာတမဖြစ်မှုနှင့် နျူကလီးယားစစ်ပွဲ အန္တရာယ်များဖြစ်ပါကြောင်း၊ ပဋိပက္ခများသည် လူ့အသိုက်အဝန်းများအတွင်း ငြိမ်းချမ်းရေးပျက်ပြားစေပြီး အကျိုးဆက်အားဖြင့် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးမှု နောက်ကျစေမှုတို့ကို ဖြစ်ပေါ်စေသည့်အပြင် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝေးကွာစေခဲ့ပါကြောင်း။




(၁၃)ကြိမ်မြောက် အာရှ- ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်




အာဆီယံနိုင်ငံများဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး ဖိလစ်ပိုင်နိုင်ငံမှ H.E.Jose Luis G. Montales



အရှေ့မြောက်နှင့် တောင်အာရှဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး ပါကစ္စတန်နိုင်ငံမှ H.E.Mr.IMTIAZ AHMAD



ဥရောပကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini




ဥရောပဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး အက်စ်တိုးနီးယားနိုင်ငံမှ H.E.Mr.Sven Mikser

ထိုစိန်ခေါ်မှုများကြောင့် မကြာခဏဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်၏ ဆိုးကျိုးများကိုပါ ဖြစ်ပေါ်စေပြီး ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်လျစ်လျူရှုမှုတို့ကြောင့် သဘာဝဘေးအန္တရာယ်များမှာ ပြင်းထန်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံများစွာ၏သမိုင်းကြောင်းအရ ပဋိပက္ခနှင့် မတည်ငြိမ်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား အချိန်ကြာမြင့်စွာ လွှမ်းမိုးထားနိုင်သည်ကို ဖော်ညွှန်းလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းမှုမရှိပါက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုတို့ မရရှိနိုင်ပါကြောင်း၊ ငြိမ်းချမ်းမှုသည် ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ရရှိရေးအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း။

ဖွံ့ဖြိုးပြီးနှင့် အင်အားကြီးနိုင်ငံများ အပါအဝင် နိုင်ငံအားလုံးသည် အကျပ်အတည်း၊ အခက်အခဲများနှင့် ရင်ဆိုင်နေရပါကြောင်း၊ မူဝါဒချမှတ်သူများ အနေဖြင့် တစ်ဦး၏ အကျပ်အတည်း အခက်အခဲများကို တစ်ဦးက နားလည်သဘောပေါက်အောင် ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ကမ္ဘာကြီး၏ ပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုလွယ်ကူထိရောက်နိုင်မည်ဟု မိမိယုံကြည်ပါကြောင်း၊ အပြန်အလှန်နားလည်မှုရှိခြင်းဖြင့်သာ ခိုင်မာသည့်မိတ်ဖက်သံယောဇဉ်များ ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း။

မိမိတို့အေဆမ်အနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့်သက်ဆိုင်သည့် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ ပဋိပက္ခများ၊ အမျိုးမျိုးအဖုံဖုံသော အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့၏ အန္တရာယ်ကဲ့သို့သော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် ပိုမိုတက်ကြွသော မိတ်ဖက်များ မရှိမဖြစ်လိုအပ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ရရှိနိုင်သည့် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရာတွင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေး၏ဆောင်ပုဒ်ကို ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့ Strengthening Partnership for Peace and Sustainable Development ဟူ၍ မိမိတို့သတ်မှတ်ရွေးချယ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

အေဆမ်ခရီးစဉ်၏ ဆယ်စုနှစ်နှစ်ခုအတွင်း အတူတကွပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်လေးစားမှုဟူသည့် မူဝါဒများကို အခြေခံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် အမျိုးမျိုးသော အကျပ်အတည်းများကို ရင်ဆိုင်တွန်းလှန်နိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအချင်းချင်းကြားသာမက ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းနှင့် ပြည်သူအချင်းချင်းကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ပျိုးထောင်ကာ ဆက်ဆံရေးသစ်များ တည်ဆောက်ကြမည် ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသော အစည်းအဝေးသည် ပြီးခဲ့သောနှစ်က မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေး၌ အာရှနှင့်ဥရောပကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်မှုကို မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ကြသည့် ၅၁ နိုင်ငံမှ ခေါင်းဆောင်များနှင့် အဖွဲ့အစည်း နှစ်ခုမှ ခေါင်းဆောင်များကို အပ်နှင်းထားသည့် တာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်မည့် မိမိတို့၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခြင်းဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် မျက်နှာစုံညီအစည်းအဝေးနှစ်ခု ပါဝင်မည်ဖြစ်ပါကြောင်း၊ ပထမမျက်နှာစုံညီအစည်းအဝေးသည် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ကြရန်ဟူသော ခေါင်းစဉ်အောက်တွင် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန် အလေးထား ဆွေးနွေးမည်ဖြစ်ပါကြောင်း။

***စာမျက်နှာ ၅ သို့***




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အေဆမ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဥရောပကော်မရှင်တို့မှ အဆင့်မြင့်အရာရှိကြီးများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ဒုတိယမျက်နှာစုံညီ အစည်းအဝေးတွင် အေဆမ် ပူးပေါင်းဆောင်ရွက်မှုအား ပိုမိုထိရောက်ချိတ်ဆက်မိအောင် လုပ်ဆောင်ရေးဟူသည့်အချက်ကို အလေးထားဆွေးနွေးမည်ဖြစ်ပြီး တတိယမြောက် ဆယ်စုနှစ်အတွက် အေဆမ်၏စွမ်းဆောင်ရည်နှင့်ချိတ်ဆက်မှုကို မြှင့်တင်နိုင်မည့် နည်းလမ်းများ ရှာဖွေရေးဖြစ်ပါကြောင်း။

အေဆမ်၏ ယန္တရားသည် အမြင်နှင့် မူဝါဒများ ဖလှယ်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် နည်းလမ်းများရှာဖွေမည့် အာရှနှင့် ဥရောပရှိ မူဝါဒရေးဆွဲသူများအတွက် အထူးအခွင့်အလမ်းတစ်ရပ်ကို ဖော်ဆောင်ပေးပါကြောင်း။

အေဆမ်၏မူဝါဒများနှင့်အညီ မိမိတို့အနေဖြင့် မနက်ဖြန်တွင် သီးသန့်ဆွေးနွေးပွဲတစ်ခု ပြုလုပ်ကြမည်ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် နိုင်ငံတကာနှင့် ဒေသတွင်းအရေးကိစ္စများနှင့်ပတ်သက်ပြီး အလွတ်သဘောဆွေးနွေးမှုကို လွတ်လပ်စွာဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အာရှနှင့် ဥရောပဒေသရှိ ငြိမ်းချမ်းမှုမြှင့်တင်ရေးနှင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအပေါ် အဓိကဆွေးနွေးကြရန် မိမိတိုက်တွန်းလိုပါကြောင်း။

လူငယ်များသည် မိမိတို့လုပ်ဆောင်ချက်၏ အကျိုးဆက်များကို အမွေဆက်ခံရမည်ဖြစ်ရာ မိမိတို့အေဆမ်ယန္တရားရှိ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အားလုံးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အစည်းအဝေးနှင့် မနက်ဖြန်ကျင်းပမည့် အစည်းအဝေးသည် အေဆမ်ပူးပေါင်းဆောင်ရွက်မှု၏ မဏ္ဍိုင်သုံးရပ်နှင့်အညီ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုမြှင့်တင်ရေးအတွက်သာမက ရရှိပြီးသား အောင်မြင်မှုကို ပြသရန် မိမိတို့အားလုံးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး ဖိလစ်ပိုင်နိုင်ငံမှ H.E.Jose Luis G. Montales က ဖိလစ်ပိုင်နိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက် အစီအစဉ်တွင် ပါရှိသည့် ဦးစားပေး အစီအစဉ်များအတိုင်း ငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုထားပါကြောင်း၊ ASEM ၏သဘောသဘာဝမှာ ၎င်း၏ကြီးမားသော ခွန်အားဖြစ်ပြီး ယင်းက အဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များ၊ ပေါ်လစီချမှတ်သူများ၊ ကျွမ်းကျင်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအကြားတွင် လွတ်လပ်ပွင့်လင်းပြီး ရိုးသားသော ဆက်ဆံရေးကိုဖြစ် ထွန်းစေပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ASEM ၏ ဒေါက်တိုင် သုံးရပ်ကို မျှတစေရန် ဆက်လက်ထောက်ခံသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့မြောက်နှင့် တောင်အာရှဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး ပါကစ္စတန် နိုင်ငံမှ H.E.Mr.IMTIAZ AHMAD က ယခုအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံအားလုံးနှင့် သက်ဆိုင်သောကိစ္စတစ်ရပ်မှာ အကြမ်းဖက်မှုပင် ဖြစ်သောကြောင့် ပါကစ္စတန်သည် အကြမ်းဖက်မှုပြဿနာနှင့် ရင်ဆိုင်နေရပြီး စစ်သည်များ၊ ဥပဒေကြပ်မတ်ရေးအဖွဲ့ဝင်များ များစွာ တိုင်းပြည်အတွက် အသက်ပေးခဲ့ရပါကြောင်း၊ ထို့အတူ ရာသီဥတုပြောင်းလဲမှုများ၊ ပဋိပက္ခများသည် တိုင်းပြည်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲများ ဖြစ်လာပါကြောင်း၊ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ဖော်ဆောင်ရာတွင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မှာပါ ပိုမိုတိုးတက် လုပ်ဆောင်သွားမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဥရောပကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini က မှော်ပြဿနာများ ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်မှု လိုအပ်နေသော ယခုလိုအပြောင်းအလဲနှင့် အခက်အခဲများ ကြုံတွေ့နေရသည့် ခေတ်ကာလတွင် ASEM ၏ အခန်းကဏ္ဍသည် ပိုပြီးအရေးကြီးလာပါကြောင်း၊ အာရှတိုက်တွင် စီးပွားရေးကြီးစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာများစွာရှိပါကြောင်း၊ အာရှတိုက်ကို အကျိုးဖြစ်ထွန်းစေမည့် ဥရောပ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆောင်ရွက်နိုင်မည့် နယ်ပယ်များစွာရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဥရောပဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး အက်စ်တိုးနီးယားနိုင်ငံမှ H.E.Mr.Sven Mikser လွတ်လပ်ပျော့ပျောင်းပြီး ပွင့်လင်းသည့်ဆွေးနွေးခြင်းများရှိသော ဥရောပနှင့် အာရှ ဆွေးနွေးပွဲသည် အစားမထိုးနိုင်သော ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ဘုံသဘောတူညီချက်ရရန် ခက်ခဲသော်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပိုမိုကူးလူးဆက်ဆံခြင်းဖြစ်စေရန် ဆုံးဖြတ်ချက်ချထားပါကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သော်လည်း ယနေ့တွင် ထိုနည်းတူ အရေးကြီးပြီး အခက်အခဲများစွာရှိနေသော ကိစ္စရပ်အသစ်များကို ပိုမိုအာရုံစိုက်သင့်ပါကြောင်း၊ ဥပမာအချို့မှာ ကိုရီးယားကျွန်းဆွယ်ပြဿနာ၊ ကမ္ဘာ့တစ်ဝန်းတွင် လူများအစုလိုက်အပြုံလိုက် ပြောင်းရွှေ့နေမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာရှ-ဥရောပ ဖောင်ဒေးရှင်းမှ လူငယ်ကိုယ်စားပြု မြန်မာနိုင်ငံမှ မယေ့တိုင်ဆိမ်းက အေဆမ်တွင် လူငယ်များ တက်ကြွစွာပါဝင်ခြင်းသည် အဓိကျသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ အေဆမ်၏ အနာဂတ်လမ်းကြောင်းအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက်နှင့် လူငယ်များ၏ အမြင်သဘောထားများကို မျှဝေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ မျှဝေခြင်းသည် လူငယ်အချင်းချင်းအကြား၊ ယဉ်ကျေးမှုအချင်းအချင်းအကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်နှင့် နိုင်ငံရေးဆိုင်ရာ အေဆမ်လုပ်ငန်းစဉ်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းအကြား မိတ်ဖက်ပူးပေါင်းဖန်တီးမှုများကို လှမ်းခြုံနိုင်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ အာရှ-ဥရောပ ဖောင်ဒေးရှင်းမှ လူငယ်ကိုယ်စားပြု စပိန်နိုင်ငံမှ Mr.Javier Baez က အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုံးဖြတ်ချက်ချမှတ်သူများ (Decision -Makers)နှင့် ပြည်သူအချင်းချင်း အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုသည် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အဓိက အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ယနေ့လူငယ်များကိုယ်စား မိမိတို့ ဤနေရာသို့ ရောက်ရှိနေခြင်းမှာ လူငယ်များ၏ သဘောထားအမြင်များဖြင့် အာရှ-ဥရောပ၏ အနာဂတ်ကို ပုံဖော်နိုင်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပထမနေ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

**သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်



(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများကို တွေ့ရစဉ်။ သတင်းစဉ်

# (၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ခေါင်းဆောင်များအား ယနေ့ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးတို့မှ ကျောင်းသား၊ ကျောင်းသူများ၊ ဂျပန်နိုင်ငံမှ ဂီတပညာရှင် Mr. Yamamoto နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုင်ငံတော်သံစုံတီးဝိုင်းတို့က တေးသံသာများ၊ ရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **သတင်းစဉ်**




**(၁၃)ကြိမ်မြောက် အာရှ- ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** သတင်းစဉ်

# (၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

(၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးကို Synergizing Peace and Sustainable Development ခေါင်းစဉ်ဖြင့် ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဥရောပကော်မရှင်၊ ဂျပန်နိုင်ငံ၊ အက်စ်တိုးနီးယားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ အပါအဝင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ခေါင်းဆောင်များက ပါဝင် ဆွေးနွေးကြသည်။

ညနေပိုင်းတွင် 3rd Decade of ASEM: Making ASEM Partnership more Dynamic and Connected ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားပြီး ဟန်ဂေရီနိုင်ငံ၊ ရုရှားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စပိန်နိုင်ငံတို့ အပါအဝင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ခေါင်းဆောင်များက ပါဝင်ဆွေးနွေးကြသည်။

**သတင်းစဉ်**




(၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အေဆမ် မိတ်ဖက်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား သီးခြားစီ လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး(ASEM) သို့ တက်ရောက်လာသည့် အေဆမ်မိတ်ဖက်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E.Mrs.Federica Mogherini ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နံနက် ၈ နာရီ ၁၅ မိနစ်တွင် လက်ခံတွေ့ဆုံပြီး မြန်မာ-ဥရောပ နှစ်ဖက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အလားအလာများကို ညှိနှိုင်းဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jean-Yves Le Drian ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Timo Juhani Soini ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ည ၇ နာရီတွင် လည်းကောင်း လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပကော်မရှင် ဒုတိယ ဥက္ကဋ္ဌ H. E. Mrs. Federica Mogherini အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# နဝမအကြိမ်မြောက် မဟာမဲခေါင်ဒေသ နိုင်ငံများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ညီလာခံ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ရန်ကုန်၏ နဝမအကြိမ်မြောက် မဟာမဲခေါင်ဒေသနိုင်ငံများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ညီလာခံကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ Novotel Yangon Max တွင် “Adopting Health Lifestyle; Combating NCDs” ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် မဟာမဲခေါင်ဒေသများ၊ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်အဖွဲ့အစည်းများ၊ WHO/UN နှင့် INGOs/ NGO အဖွဲ့များမှ သုတေသနပညာရှင်များလည်း ပါဝင်မည်ဖြစ်သည်။

ညီလာခံတွင် စာတမ်း ၁၂၅ စောင် တင်သွင်းမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ညီလာခံခေါင်းစဉ်အပေါ် ဆွေးနွေးတင်ပြချက် (Panel Discussion) များလည်း ပါဝင်မည်ဖြစ်သည်။

**တက်ရောက်နိုင်**

ညီလာခံတက်ရောက်လိုသောသူများသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ် ၀၉-၅၁၆၁၅၂၄ သို့လည်းကောင်း၊ Novotel Yangon Max တွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် လာရောက် Registration Fees ပေးသွင်း၍လည်းကောင်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗြိတိန်နိုင်ငံခြားရေးနှင့် မနသဟာယရေးရာရုံးမှ ဒုတိယဝန်ကြီးအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် မနသဟာယရေးရာရုံးမှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဝန်ကြီး the Rt. Hon. Mark Field MP အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Andrew Patrick နှင့် ဗြိတိန်နိုင်ငံခြားရေးနှင့် မနသဟာယရေးရာရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် မနသဟာယရေးရာရုံးမှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဝန်ကြီး the Rt. Hon. Mark Field MP အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**



# မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် Regional Representative Council မှ ဒုတိယဥက္ကဋ္ဌ Lt. Gen (Han) Dr. Nano Sampono, M. Si အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် မြန်မာ-အင်ဒိုနီးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် Regional Representative Council မှ ဒုတိယဥက္ကဋ္ဌ Lt. Gen (Han) Dr. Nano Sampono, M. Si တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်



**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်**



**ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး**

*❊ ကျောဖုံးမှ*

ယင်းဝန်ကြီးဌာနကို ထပ်မံဖွဲ့စည်းလိုခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဖွဲ့စည်းဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လက်ရှိဖွဲ့စည်းပုံအင်အားဖြင့်ပင် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေ ပိုမိုကုန်ကျမည် မဟုတ်ပါကြောင်း။

နောက်ထပ်ဖြည့်စွက်ဖွဲ့စည်းလိုသည့် ဝန်ကြီးဌာနတစ်ခုမှာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို နိုင်ငံရေးရှုထောင့်အပြင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရှုထောင့်မှလည်း ခြုံငုံသုံးသပ်ပြီး နိုင်ငံတော်သမ္မတအား တာဝန်ခံဆောင်ရွက်မည့် ဝန်ကြီးဌာနတစ်ခု လိုအပ်လာသည့်အတွက် ဤပြည်ထောင်စုဝန်ကြီးဌာနအသစ်ကို ဖွဲ့စည်းရခြင်း ဖြစ်ပါကြောင်း။

ဖော်ပြပါဝန်ကြီးဌာနကိုလည်း ဝန်ထမ်းများ ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်းမပြုဘဲ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၏ ဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိရာ အချို့သော နိုင်ငံတကာအစည်းအဝေးများတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ပြီး အချို့သော နိုင်ငံတကာအစည်းအဝေးများတွင် ယခုဖွဲ့စည်းမည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီးက တက်ရောက်မည် ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ ရုံးဌာနကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံတွင်ပင် ထားရှိမည်ဖြစ်ရာ ဝန်ကြီးဌာနနှစ်ခု နီးကပ်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုအခါတွင် နိုင်ငံခြားသံတမန်ရေးရာ ကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပြီး နိုင်ငံတကာအဖွဲ့အစည်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းနိုင်ငံတကာအဖွဲ့အစည်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ယခုဖွဲ့စည်းမည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာဆက်ဆံရေးကို ပိုမိုအဆင်ပြေချောမွေ့စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ပြည်ထောင်စုဝန်ကြီးနှစ်ဦး ခန့်အပ်တာဝန်ပေးလိုခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သင်္ဘောများမှ မောင်းဆီ(လောင်စာဆီ) ယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိမှု အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ၂၀၀၁ တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်က လက်မှတ်ရေးထိုးမည့် Convention တွင် သင်္ဘောများမှ မောင်းဆီ(လောင်စာဆီ) ယိုဖိတ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းပျက်စီးမှုများနှင့် စပ်လျဉ်း၍ သင်္ဘောပိုင်ရှင်မှ ပေးလျော်ရန်တာဝန်ရှိမှုများ၊ ရပိုင်ခွင့်လျော်ကြေးကိစ္စများ၊ ကင်းလွတ်မှုများ၊ စီရင်ပိုင်ခွင့်များ၊ အာဏာသက်ရောက်မှုများနှင့် ပျက်ပြယ်ခြင်းကိစ္စများကိုလည်း ပြဋ္ဌာန်းထားကြောင်းကို တွေ့ရှိရပါကြောင်း၊ Convention ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် ထိရောက်စွာ လျော်ကြေးတောင်းဆိုရယူရာတွင် ကျင့်သုံးနိုင်မည်ဖြစ်ပြီး လုံလောက်သော နစ်နာကြေး သတ်မှတ်ရန်နှင့် တာဝန်ရှိမှုပြဿနာများကို ဆုံးဖြတ်ရာတွင် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုလည်း အဖွဲ့ဝင်နိုင်ငံများနည်းတူ တစ်ပြေးညီ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း။

သီးသန့်စီးပွားရေးဇုန် (E.E.Z)မှာ UNCLOS convention အရ The protection and preservation of the marine environment ဟု ဖော်ပြထား၍ သီးသန့်စီးပွားရေးဇုန်အား သက်ဆိုင်ရာနိုင်ငံမှ ရေထု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်ထိန်းသိမ်းခြင်းကို ဆောင်ရွက်နိုင်ကြောင်း၊ convention 2001 တွင် သင်္ဘောပိုင်ရှင်၏ တာဝန်ရှိမှု၊ ကင်းလွတ်ခွင့်ရမှု၊ မဖြစ်မနေအာမခံထားရှိမှု(သို့မဟုတ်) ငွေကြေးအာမခံထားရှိမှု၊ သတ်မှတ်ကာလလျော်ကြေးကောက်ခံမှုအချိန်ကာလ ကန့်သတ်ခြင်း၊ စီရင်ပိုင်ခွင့်များ အစရှိသဖြင့် ပြည့်စုံစွာဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ သင်္ဘောများမှ မောင်းဆီ (လောင်စာဆီ) ယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမအကြောင်းအရ ပေးလျော်ရန်တာဝန်ရှိမှု အပြည်ပြည်ဆိုင်ရာ convention 2001တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို ထောက်ခံပါကြောင်းနှင့် လိုက်လျောညီထွေသည့် ပြည်တွင်းဥပဒေများကိုလည်း အမြန်ဆုံးရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆက်လက်ဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သင်္ဘောသားများ၏ သက်သေခံအထောက်အထားများဆိုင်ရာ ကွန်ဗင်းရှင်း (ပြင်ဆင်ချက်) ၂၀၀၃၊ နံပါတ် (၁၈၅)တွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ILO’ SID convention ကို လက်မှတ်ထိုးမှသာ တရားဝင်ဖြစ်ပြီး သက်ဆိုင်သည့် အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရော အခြားသောနိုင်ငံများပါ သင်္ဘောသား လက်မှတ်အတုများနှင့် လုပ်ကိုင်သူများကို တားဆီးနိုင်ခြင်း၊ အရည်အသွေးမပြည့်သော သင်္ဘောသားအတုများ တားဆီးနိုင်၍ သင်္ဘောတိုက်မှုများ၊ စက်ပျက်မှုများ မရှိနိုင်တော့ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်းနှင့် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးတို့က ဆက်လက်ဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

**❖ ဖြည့်စွက်ဖွဲ့စည်းလိုသည့် ဝန်ကြီးဌာနတစ်ခုမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတအား တာဝန်ခံမည့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးတစ်ဦးကို ခန့်အပ်၍ တာဝန်ယူဆောင်ရွက်စေမည်ဆိုပါက ပိုမို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ယင်းဝန်ကြီးဌာနကို ထပ်မံ ဖွဲ့စည်းလိုခြင်းဖြစ်**

**❖ နောက်ထပ် ဖြည့်စွက်ဖွဲ့စည်းလိုသည့် ဝန်ကြီးဌာနတစ်ခုမှာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ ဆက်ဆံရေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကို နိုင်ငံရေးရှုထောင့်အပြင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရှုထောင့်မှလည်း ခြုံငုံ သုံးသပ်ပြီး နိုင်ငံတော်သမ္မတအား တာဝန်ခံဆောင်ရွက်မည့် ဝန်ကြီးဌာနတစ်ခု လိုအပ်လာသည့်အတွက် ဤပြည်ထောင်စုဝန်ကြီးဌာနအသစ်ကို ဖွဲ့စည်းရခြင်းဖြစ်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြု

နေပြည်တော် နိုဝင်ဘာ ၂၀

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပစဉ်။
သတင်းစဉ်

အစည်းအဝေးတွင် ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **စည်းကမ်းချက်များနှင့် မညီသော သားသတ်လိုင်စင်ရရှိသူများအပေါ် အရေးယူရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင်(ဝက်၊ အမဲ၊ ဆိတ်) ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သားသတ်လိုင်စင်များ ခွင့်ပြုချထားပေးရာတွင် လေလံစနစ်၊ ဈေးခုံစနစ်နှင့် လေလံခုံစနစ်တို့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ပိုင်ခွင့်လုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော သားသတ်ခြင်း၊ အသားထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စည်းကမ်းချက်များနှင့် မကိုက်ညီသော သားသတ်လိုင်စင် ရရှိသူများနှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စားသုံးရန် တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်းနှင့် အသားရောင်းချခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ အမိန့်ကြော်ငြာတွင် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့်လုပ်ငန်းနှင့် သက်ဆိုင်ခြင်း မရှိသော သားသတ်ခြင်း၊ အသားထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် စည်းကမ်းချက်များနှင့် မညီသော သားသတ်လိုင်စင်ရရှိသူများအား လည်းကောင်း၊ စည်းကမ်းချက်များနှင့် မညီသော သားသတ်လုပ်ငန်းနှင့် အသားရောင်းချမှုများအား လည်းကောင်း စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မက်မန်း မဲဆန္ဒနယ်မှ ဦးတင်အေး၏ **ခရိုင်သို့မဟုတ် မြို့နယ်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင်ရေးဆွဲရေးလုပ်ငန်းစဉ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြင်ဆင်ရေးဆွဲထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအသစ်တွင်လည်း ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲ (လားရှိုး) ကွပ်ကဲမှုအောက်၌ မက်မန်းမြို့နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးကို ထည့်သွင်းဖွဲ့စည်းရန် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ခရိုင်၊ မြို့နယ် ရုံးများကို ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် ဒေသများအပေါ် အခြေခံ၍ ရုံးဖွင့်လှစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

လေရှီး မဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်ချင်းဆက် လမ်းကို စီမံကိန်းဖြင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က လေရှီးမြို့နယ် နှင့် လဟယ်မြို့နယ်ချင်းဆက် လမ်းအတွက် ဆောင်ရွက်ရန် လိုအပ်ချက်ရှိသည့် လုပ်ငန်းများကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ငါးနှစ် စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ မယ်စဲ့ မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်းနှင့် နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလု တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် **စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ချက်မရှိ အတည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်ဆိုင်ဟိန်း၏ **ပလတ်စတစ် အန္တရာယ်တားဆီးကာကွယ်ရန် နေ့စဉ်စွန့်ပစ်အမှိုက်များတွင် ပါဝင်သည့် ပလတ်စတစ်ပစ္စည်းများကို သီးသန့်ဖယ်ရှားစွန့်ပစ်စေခြင်းနှင့် ပလတ်စတစ်အသုံးပြုမှုနှုန်းထားများ လျှော့ချခြင်းစသည့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော ဒီမိုကရေစီ အခြေခံအလေ့အကျင့်ကောင်းများကို မူဝါဒတစ်ရပ်ရေးဆွဲပြဋ္ဌာန်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ဤလွှတ်တော်က ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

> “စွန့်ပစ်ပစ္စည်းနှင့် ပတ်သက်သည့် အသိပညာပေး အစီအစဉ်များကို လုပ်ငန်းကော်မတီတစ်ခုဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီအနေဖြင့်လည်း ပြည်သူလူထုကို အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ကျောင်းသင်ရိုးညွှန်းတမ်းများ အဆင့်အထိ ပြင်ဆင်ပြီး ကျောင်းနေအရွယ် ကလေးငယ်များမှစ၍ အသိပညာပေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်”

ကျောက်ကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ပလတ်စတစ်သည် ကင်ဆာရောဂါ၊ အဆုတ်ရောဂါ၊ အရေပြားရောဂါနှင့် မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းမှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ အစာအိမ်နှင့် အသည်းကိုလည်း ပျက်စီးစေနိုင်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာပေါ်တွင် များစွာအန္တရာယ်များသည့် ပလတ်စတစ်သုံးစွဲမှုများကို နည်းလမ်းမျိုးစုံဖြင့် လျှော့ချနေကြကြောင်းကို အဆိုရှင်မှ ထောက်ပြသွားသည်ကိုတွေ့ရပါကြောင်း၊ အမှိုက်သိမ်းသည့်စနစ် ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ မြစ်ချောင်း၊ အင်းအိုင်များတွင် အမှိုက်များ ပိတ်ဆို့နေမှုများကြောင့် ရေကြီး ရေလျှံမှုများကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ မြို့ကြီးများတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ပိုမိုများပြားလာပါကြောင်း၊ ရန်ကုန်မြို့တွင်း အမှိုက်သိမ်းဆည်းရာတွင် နေ့စဉ်တန်ချိန်ပေါင်း ၁၅၀၀၀ခန့်ရှိနေပါကြောင်း၊ ထိုအမှိုက်များထဲတွင် ပလတ်စတစ်မျိုးစုံ ပမာဏမှာ အတိုင်းအတာ တစ်ခုအထိ ပါဝင်နေပါကြောင်း၊ အမှိုက်ခွဲခြားပစ်ရန် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ အမှိုက် စနစ်တကျ မစွန့်ပစ်တတ်ခြင်းတို့သည်လည်း သဘာဝအလှတရားကို ထိခိုက်စေသကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေပါကြောင်း။

ပလတ်စတစ်အသုံးပြုမှု လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းများမှ ပြန်လည်ထုတ်လုပ် သုံးစွဲခြင်း စသည့်နည်းလမ်းများဖြင့် စနစ်တကျထိန်းချုပ်ခြင်း၊ လျှော့ချခြင်း အစီအမံများကို အပြောင်းအလဲ တစ်ရပ်အဖြစ် ယခုအစိုးရလက်ထက်၌ စတင်ဖော်ဆောင်ပေးလိုပါကြောင်း၊ ပြည်သူတစ်ရပ်လုံးကလည်း တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့နေ့စဉ်နှင့်အမျှ စွန့်ပစ်သော ပလတ်စတစ်နှင့်တကွ အမှိုက်သရိုက်များကို စည်းကမ်းတကျ ခွဲခြားစွန့်ပစ်ခြင်းဖြင့် ပါဝင်ဖော်ဆောင်ပေးသင့်ပါကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးပါဝင်သော ဒီမိုကရေစီ အခြေခံ အလေ့အကျင့်ကောင်းများကို အခြေခံကာ ပလတ်စတစ်လျှော့ချသုံးစွဲရေး၊ စနစ်တကျစွန့်ပစ်ရေးများကို မူဝါဒတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြပါကြောင်း ပြောကြားသည်။

အလားတူ လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မိုးနဲ မဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်းနှင့် မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်တို့က ဆွေးနွေးကြသည်။

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက စွန့်ပစ်ပစ္စည်းနှင့် ပတ်သက်သည့် အသိပညာပေး အစီအစဉ်များကို လုပ်ငန်းကော်မတီတစ်ခုဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီအနေဖြင့်လည်း ပြည်သူလူထုကို အသိပညာပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ကျောင်းသင်ရိုးညွှန်းတမ်းများ အဆင့်အထိ ပြင်ဆင်ပြီး ကျောင်းနေအရွယ် ကလေးငယ်များမှစ၍ အသိပညာပေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပြီး ယင်းအဆိုနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း က ဆက်လက် ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် အဆိုရှင် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်ဆိုင်ဟိန်းတို့က ယင်းအဆိုကို မှတ်တမ်းတင် စောင့်ကြည့်ရန် သဘောတူသဖြင့် လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**အေးအေးသန့်**

# အမျိုးသားလွှတ်တော်၌ ဒီမိုကရေစီ အုပ်ချုပ်ရေး ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အမျိုးသားလွှတ်တော်၌ ဗြိတိန်နိုင်ငံ သံရုံးနှင့် Chevening Alumini Association Myanmar တို့က “ဒီမိုကရေစီ အုပ်ချုပ်ရေး” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

**တင်ပြ ဆွေးနွေး**

ဆက်လက်၍ Chevening Alumini Association Myanmar မှ President ဦးအောင်ကျော်သိန်းက Introduction of the Workshop and Chevening Alumini Association Myanmar ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။

**အဖွဲ့လိုက် ဆွေးနွေး**

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆွေက Experiential Sharing on check and Balance ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ ဆက်လက်၍ Chevening Alumini Association Myanmar မှ President ဦးအောင်ကျော်သိန်းက Democratic Governance ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးသည်။



ဆက်လက်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများက အဖွဲ့လိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး စာစီစာကုံးပြိုင်

**ဘားအံ နိုဝင်ဘာ ၂၀**

ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် အထိမ်းအမှတ်အခမ်းအနား၌ ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် (၂၈)နှစ်ပြည့် အထိမ်းအမှတ် အကြိုလှုပ်ရှားမှု အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မင်းသိန်း(ပြန်/ဆက်)**

# မာန်အောင်မြို့နယ်အတွက် ယခုဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်ဆောက်လုပ်ရန် ငွေကျပ်သိန်းပေါင်း ၁၇၉၀ ခွဲဝေပေးပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




**အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပစဉ်။**

သတင်းစဉ်

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပညာရေးမြှင့်တင်မှု ကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး၏ **ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကမ်းနီကျေးရွာတွင်ရှိသော အခြေခံပညာအထက်တန်းကျောင်း (ကမ်းနီ) ကို ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ငပုတောမြို့နယ် ကမ်းနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁၈ ဦးရှိပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို ငပုတော အခြေခံပညာ အထက်တန်းကျောင်းနှင့် ရွှေမြကွင်း အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) တို့ရှိ စာစစ်ဌာနများသို့ သွားရောက် ဖြေဆိုခဲ့ကြပါကြောင်း၊ ယခုနှစ်တွင် ကမ်းနီကျေးရွာ၌ စာစစ်ဌာန အဆင့်တိုးမြှင့်နိုင်မှု ရှိ၊ မရှိ စိစစ်သည့်အခါတွင် အဓိကအားဖြင့် ကမ်းနီကျေးရွာ၌ လှူပ်ရှားရဲကင်းအဆင့်သာ ဆောင်ရွက်နိုင်သေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသစ်တစ်ခုအဖြစ် ဖွင့်လှစ်ခွင့်ပြုရာတွင် အဓိက အခြေခံအချက်အားဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းရှိရမည် ဖြစ်ပါကြောင်း၊ သတ်မှတ်ရဲအင်အားအပြည့် လုံခြုံရေးယူနိုင်ရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုထောက်ခံတင်ပြချက်၊ ရဲစခန်းဝင်းအတွင်း ဘဏ်တိုက်အဆင့်၊ ငွေတိုက်အဆင့် လုံခြုံမှုရှိသည့် မီးခံတိုက်ရှိရန် အထူးလိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် ယခုနှစ်အတွက် ကမ်းနီကျေးရွာ၌ စာစစ်ဌာနအသစ် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် သစ်ပြင် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) နှင့် ကအီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အတွက် တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွက် ယခုဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း ၁၇၉၀ ခွဲဝေပေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုရေးဆွဲနေသည့် ဘဏ္ဍာရေးနှစ် ခြောက်လစာအတွင်း ဦးစားပေးအဆင့်တွင်ပါရှိခြင်း မရှိသေးပါကြောင်း၊ ဆက်လက်ရေးဆွဲမည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **အခြေခံပညာဦးစီးဌာနမှ နေ့စား လပေး ဆရာ ဆရာမများကို ဆရာဖြစ်သင်တန်းပေးပြီး တစ်ပါတည်း အတည်ခန့် (Permanent) ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် လိုအပ်သည့် ဆရာ ဆရာမများကို ပညာရေးတက္ကသိုလ်များက B.Ed ဘွဲ့ရများ၊ ပညာရေးကောလိပ်များမှ လုပ်ငန်းခွင်ကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း DTEd နှင့် လုပ်ငန်းခွင်ကြိုမူလတန်းဆရာ အတတ်ပညာသင်တန်း PPTT သင်တန်းဆင်းများကို နှစ်စဉ် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ဖြည့်ဆည်းပေးခြင်းဖြင့် ထပ်မံလိုအပ်သည့် ဆရာ ဆရာမများကို နေ့စားလပေး (မူလတန်းပြ) များအဖြစ် သတ်မှတ်မှုများနှင့်အညီ ခေါ်ယူပြီး တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ရွေးချယ်ခန့်ထားပြီး နွေရာသီကျောင်းပိတ်ရက်တွင် မြို့နယ်အခြေပြုမူလတန်း ဆရာအတတ်သင်တန်း ရက်၃၀ ပေးပြီးမှ မူလတန်းပြအဖြစ် အတည်ပြုခန့်ထားပါကြောင်း၊ မြို့နယ်အခြေပြု မူလတန်း ဆရာအတတ်သင်တန်း တက်ရောက်ပြီးသူများကို မူလတန်းဆရာ အတတ်သင် စာပေးစာယူသင်တန်း တစ်နှစ် ထပ်မံတက်ရောက်စေပြီး မူလတန်းဆရာ အတတ်သင် လက်မှတ်ပေးအပ်ပါကြောင်း။

ကိုယ်စားလှယ် တင်ပြထားသည့် ဖေဖော်ဝါရီလတွင် လျှောက်လွှာများ ခေါ်ယူပြီး မတ်လတွင် စစ်ဆေးကာ ဧပြီလလယ်မှ မေလလယ်ထိ ဆရာဖြစ် သင်တန်းပေးပြီး ဇွန်လ ကျောင်းဖွင့်ရက်အမီ ခန့်ထားနိုင်ရန်မှာ ၎င်းနေ့စားလပေး (မူလတန်းပြ) ဆရာ ဆရာမအဖြစ် ခေါ်ယူခန့်ထားနိုင်ရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေများကို ဘဏ္ဍာနှစ် တစ်နှစ်ကြိုတင်လျာထားသည့်အတွက် ချက်ချင်း Permanent အဖြစ် ခန့်ထားရန် မဆောင်ရွက်နိုင်ဘဲ နေ့စားလပေး ဦးစွာဆောင်ရွက်ပြီးမှ ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိသည်နှင့် Permanent အဖြစ် ဆက်လက်ခန့်ထားနိုင်ပါကြောင်း ဖြေကြားသည်။

> **“အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပညာရေး မြှင့်တင်မှု ကော်မတီနှင့် နိုင်ငံသားများ၏ မူလ အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက် ရယူ”**

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးငွန်ပေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် စိုင်းထွန်းအောင်က စာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းရာတွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာရင်းအင်း ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ကျိုးကြောင်းဆီလျော်မှုရှိပြီးဖြစ်ခြင်း၊ လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာရင်းအင်း ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးဝင်းအောင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

---

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးခင်ဇော်<br>အထွေထွေမန်နေဂျာ<br>(ထုတ်လုပ်ရေး)<br>မြန်မာ့သဘော်ာကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သဘော်ာကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (၂) | ဦးဆန်းမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ<br>ညွှန်ကြားမှုဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေး<br>ဝန်ကြီးဌာန |
| (၃) | ဒေါ်စီစီပြုံး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၄) | ဦးဇော်နိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်<br>စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၅) | ဦးမြင့်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်<br>စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေး<br>ဝန်ကြီးဌာန |

---

# မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်း၍ သင်တန်းများဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးခြင်း၊ ထောက်လှမ်းခြင်း၊ တရားစွဲတင်ခြင်းနှင့် တရားရုံးအမှုလိုက်ပါဆောင်ရွက်ခြင်း ဆိုင်ရာတို့တွင် စွမ်းဆောင်ရည်မြင့်မားရေးအတွက် UNODC ၏ နည်းပညာအကူအညီပံ့ပိုးမှုဖြင့် Financial Investigation and Investigative Interviewing သင်တန်းတို့အား ယနေ့နံနက် ၈ နာရီခွဲက Royal NayPyiTaw ၌ ကျင်းပသည်။

သင်တန်းသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ သင်တန်းသား ၃၄ ဦး တက်ရောက်ပြီး သင်တန်းကို နိုဝင်ဘာ ၃၀ ရက်ထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

အဆိုပါသင်တန်းအား UNODC မှ နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ဦးဆောင်လေ့ကျင့် ဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းများမဖွင့်လှစ်မီ ဝန်ထမ်းအဆင့်အလိုက် အရည်အသွေးနှင့် ကျွမ်းကျင်မှုအရ သင်တန်းလိုအပ်ချက် အကဲဖြတ်ဆောင်ရွက်ခြင်းများ ဦးစွာဆောင်ရွက်ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော်၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lt. Gen. Chansamone Chanyalath အား ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိဇေယျာသီရိ ဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော်၊ လာအို အမျိုးသားကာကွယ်ရေးဝန်ကြီး Lt. Gen. Chansamone Chanyalath အား ညပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General Alexander Vasilievich Fomin အား ယနေ့နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Vivian Balakrishnan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၃ နာရီခွဲတွင် လည်းကောင်း၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Kazuyuki NAKANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညနေ ၄ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၀**

စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 18th ASEAN Chiefs of Army Multilateral Meeting- ACAMM နှင့် (၂၇)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 27th ASEAN Armies Rifle Meet- AARM ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြပြီး **(ဝဲပုံ)** စင်ကာပူအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးသို့ ရောက်ရှိပြီး စစ်သံရုံးမိသားစုများအား အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်တင် အေဆမ်မိတ်ဖက်နိုင်ငံများမှ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (ASEM) သို့ တက်ရောက်လာသည့် အေဆမ် မိတ်ဖက်နိုင်ငံများမှ ခေါင်းဆောင်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ သီးခြားစီ တွေ့ဆုံသည်။

ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန Deputy Secretary H.E. Mr. Gary Quinlan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် လည်းကောင်း **(အောက်ပုံ)**၊ အီတလီနိုင်ငံ Ministry of Foreign Affairs and International Cooperation မှ Undersecretary of State H.E. Mr. Benedetto Della Vedova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ Minister of State H.E. Mr. Ciaran Cannon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာရရေးရာ ရုံးမှ အာရှရေးရာနှင့် ပစိဖိတ်ဒေသဆိုင်ရာ Minister of State The Rt. Hon Mark Field MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညနေ ၄ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ရိုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Secretary of State for Global Bilateral Affairs, H.E. Mrs. Monica Gheorghita ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် လည်းကောင်း လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**





# မြန်မာ - ဗြိတိန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဆိုင်ရာ ဒုတိယဝန်ကြီး H.E.Mr. Mark Field နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် အရေးကိစ္စနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဆန်းအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၉ ရက်က နေပြည်တော် အဝင်လမ်း ဝဏ္ဏသိဒ္ဓိအဝိုင်းအနီးတွင် (၁၃)ကြိမ်မြောက် ASEM (အေဆမ်) အစည်းအဝေး ကျင်းပစဉ်အတွင်း မလိုလားအပ်သော အနှောင့်အယှက်များ ကင်းဝေးစေရန် ယာဉ်များအား ရပ်တန့်၍ လုံခြုံရေး ရှာဖွေစစ်ဆေး ဆောင်ရွက်နေစဉ်။** ကိုပေါက်(ဥက္ကာမြေ)



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား အမေရိကန်အထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီအဖွဲ့ဝင် Senator Jeff Merkley နှင့် အဖွဲ့ လာရောက်တွေ့ဆုံ




**စစ်တွေ နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့အား အမေရိကန်နိုင်ငံ အထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီ အဖွဲ့ဝင် Senator Jeff Merkley ဦးဆောင်သော လွှတ်တော် ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ် HE. Mr. Scot Marciel တို့အဖွဲ့ သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရရုံးခန်းမ၌ လာရောက် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် အမေရိကန်နိုင်ငံ အထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင် Senator Jeff Merkley က ရခိုင်ပြည်နယ်အတွင်း မြေပြင်ဖြစ်ပျက်နေသော အခြေအနေများကို အမေရိကန်ပြည်ထောင်စုက မည်သည့် နေရာမှ ပါဝင်ကူညီပေးရမည်ကို သိလိုသည့်အတွက်ကြောင့် လာရောက်ရခြင်းဖြစ်ကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ က မြေပြင်ဖြစ်ရပ်မှန်များကို ပြောကြားပေးစေလိုကြောင်း ပြောသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် အခြေအနေများကို နိုင်ငံတကာမှလည်း စိတ်ဝင်စားမှုရှိပြီး စေတနာထားကာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေကြသည် ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရ တာဝန်ယူချိန်မှ စတင်ပြီး ပြည်နယ်တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက် လျက်ရှိပါကြောင်း၊ အဆိုပါ ကဏ္ဍနှစ်ခုကို တစ်ပြိုင်တည်း ဆောင်ရွက်နေသလို လုံခြုံရေး ကိစ္စများကိုလည်း ဦးစားပေး ဆောင်ရွက်နေကြောင်း၊ ထို့အပြင် နှစ်ဖက်အဖွဲ့အစည်းများ၏ ယုံကြည်မှု၊ နားလည်မှုနည်းပါးခြင်းများကို တတ်နိုင်သလောက် နည်းပါးပြီး ငြိမ်းချမ်းအောင် ရေရှည်လက်တွဲပြီးနေနိုင်အောင် ဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းလုပ်ငန်းများကိုလည်း ပြည်နယ်အစိုးရအဖွဲ့ တစ်ခု တည်းဖြင့် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ရခိုင် ပြည်နယ် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေးဗဟိုကော်မတီကို ဦးဆောင်ပြီး နိုင်ငံတော် အစိုးရက ဦးဆောင်ပံ့ပိုး ဆောင်ရွက်ခဲ့ပါကြောင်း၊ မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်ကို ဖွဲ့စည်းပြီးလည်း ရခိုင်ပြည်နယ်ကိစ္စများကို ဆောင်ရွက်ခဲ့နိုင်ကြောင်း၊ ထို့အပြင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းကာ ရခိုင်ပြည်နယ်ကိစ္စများကို ဆောင်ရွက်ခဲ့နိုင်ကြောင်း။

ထိုသို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေစဉ် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများထပ်မံဖြစ်ပွားခဲ့ပါကြောင်း၊ ပဋိပက္ခများ ဖြစ်ပွားစဉ်တွင်လည်း နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ဖြစ်စဉ်များအား အမြန်ဆုံး ထိန်းသိမ်းတုံ့ပြန် တည်ဆောက်နိုင်ရန် လုပ်ဆောင်နိုင်ခဲ့ပါ ကြောင်း၊ ထိုဖြစ်စဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတကာ သတင်း မီဒီယာများမှ လွဲမှားစွာ သတင်းထုတ်ပြန်မှုများကိုလည်း နိုင်ငံတော်အကြီးအကဲများက များစွာစိတ်မကောင်းဖြစ်ပြီး ဖြေရှင်းဆောင်ရွက်ခဲ့ရပါကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် မိမိတို့အနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ ပြန်လည် တည်ဆောက်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးများကို အရှိန် အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်နေပါကြောင်း။

ထိုလုပ်ငန်းများနှင့် ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဦးဆောင်ပြီး UEHRD ကော်မတီကို ဖွဲ့စည်းကာ ယခုအချိန်ထိ အောင်မြင်အောင် ဆောင်ရွက်နေပါကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင်လည်း မိမိတို့ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှု၊ အကောင်အထည်ဖော်မှုက အဓိကကျပါကြောင်း ပြောကြား သည်။

ထို့နောက် အမေရိကန်နိုင်ငံ အထက်လွှတ်တော်ကိုယ်စား လှယ်များနှင့် အဖွဲ့ဝင်များက ကျန်းမာရေး၊ ပညာရေး၊ လွတ်လပ် စွာ သွားလာရေးနှင့် NVC ကတ် ထုတ်ပေးနေမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံအထက်လွှတ်တော် နိုင်ငံတကာဆက်ဆံ ရေးကော်မတီအဖွဲ့ဝင် Senator Jeff Merkley ဦးဆောင် သောအဖွဲ့သည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ရခိုင်အမျိုးသား ပါတီမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ဝံလက်ဖောင်ဒေး ရှင်းမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများ၊ အစ္စလာမ်ဘာသာဝင် အမျိုးသမီးများနှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဗောဓိကုန်း(တိုင်းရင်းသား) ကျေးရွာ၊ ကန်သာယာ(တိုင်းရင်းသား)ကျေးရွာ နှင့် မကျည်းကုန်း(တိုင်းရင်းသား) ကျေးရွာတို့၌ နွားလေးကောင်၊ ဆိတ် သုံးကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော) ကျေးရွာ၊ ရန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာ နှင့် မင်္ဂလာညွန့်(တိုင်းရင်းသား) ကျေးရွာတို့၌ နွားတစ်ကောင်၊ ဆိတ် နှစ်ကောင်၊ ငါးခူရ ပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာ၊ ငါးခူရ(ရောနှော)နှင့် မြို့သစ် (တိုင်းရင်း သား)ကျေးရွာတို့၌ နွားနှစ်ကောင်၊ ဆိတ်နှစ်ကောင်တို့အား ကာကွယ် ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင် ကျေးရွာ တို့၌ နွားခုနစ်ကောင်အား ကာကွယ် ကုသပေးခြင်း၊ ဆိတ်ခုနစ်ကောင်တို့ အား ဆေးကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်း သုံးခုရှိ ကျေးရွာ များတွင် စုစုပေါင်း နွား ၂၉၁ ကောင် တို့အား ကာကွယ်ကုသ ဆေးထိုးနှံ ပေးခြင်း၊ ဆိတ်အကောင် ၆၅၀ တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်သည်။

မောင်တောမြို့နယ်ရှိ တိရစ္ဆာန် ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့မှ စခန်း ပတ်ဝန်းကျင် ကျေးရွာများဖြစ် သော ဗောဓိကုန်း(တိုင်းရင်းသား) ကျေးရွာ၊ ကန်သာယာ (တိုင်းရင်းသား) ကျေးရွာ၊ မကျည်းကုန်း(တိုင်းရင်းသား) ကျေးရွာ၊ ကြိမ်ချောင်း(ရောနှော) ကျေးရွာ၊ ရန်အောင်မြေ(တိုင်းရင်းသား) ကျေးရွာ၊ မင်္ဂလာညွန့်(တိုင်းရင်းသား) ကျေးရွာ၊ ရေမျက်တောင်(တိုင်းရင်းသား) ကျေးရွာ၊ ငါးခူရ(ရောနှော)နှင့် မြို့သစ် (တိုင်းရင်းသား) ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ မတွေ့ရှိပါကြောင်းနှင့် စခန်းအနီး ပတ်ဝန်းကျင် ကျေးရွာများ တွင် တွေ့ရှိသော ပိုင်ရှင်ရှိ နွား၊ ဆိတ်များ အား ဆေးကုသဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာတွင် ဆေးကုသပေးခြင်းနှင့် ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေး

**မောင်တော နိုဝင်ဘာ ၂၀**

မောင်တောမြို့နယ် ကျန်းမာရေးဌာနမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ရွေ့လျားဆေးအဖွဲ့သည် ယနေ့နံနက် ပိုင်းက အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့် ပန်းတောပြင်ကျေးရွာသို့ သွားရောက်ပြီး အထွေထွေရောဂါများ ကုသပေးခြင်းနှင့် အသက် ကိုးလမှ ၁၅ နှစ်အောက် ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ခဲ့ သည်။ **(အောက်ပုံ)**

ပန်းတောပြင် ကျေးရွာသို့ လာရောက် ဆေးကုသရခြင်းနှင့် စပ်လျဉ်း ပြီး ရွေ့လျားဆေးအဖွဲ့ ခေါင်းဆောင် မောင်တောမြို့နယ် ဆရာဝန်ကြီး ကျော်မောင်မောင်သိန်းက "ပန်းတော ပြင်ကျေးရွာမှာ အထူးကုဆရာဝန်ကြီး တွေပါတဲ့ ကျန်းမာရေး ဝန်ထမ်းတွေနဲ့ ရွေ့လျားဆေးကုသပေးနေတာပါ။ လာပြ တဲ့သူတွေထဲမှာ အခုချိန်ထိတော့ ကူးစက် ရောဂါမတွေ့ရဘူး၊ ချောင်းဆိုး၊ အစာအိမ် ရောဂါဖြစ်လို့ လာပြတာပဲ တွေ့ရတယ်၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုး ဖို့အတွက်ကတော့ ရပ်ကွက်အုပ်ချုပ် ရေးမှူးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ ကနေ ဆေးလာထိုးဖို့ အသိပညာပေး လှုံ့ဆော်ခဲ့ရတယ်" ဟု ပြောသည်။

ယနေ့ ပန်းတောပြင်ကျေးရွာ၌ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ကလေး ၂၀၀ ကျော်ခန့် ထိုးနှံပေးနိုင်ခဲ့ ပြီး အထွေထွေရောဂါ ကုသခြင်းတွင် လူနာပေါင်း ၁၇၀ ကျော်ခန့်ကို ကုသပေး ခဲ့ကြောင်း မောင်တောမြို့နယ် ကျန်းမာ ရေးဌာနမှ သိရသည်။

"ဒီမှာအများစုက ဆင်းရဲကြတော့ အခုလို ကျန်းမာရေးဌာနက ဆေးလာကု ပေးတဲ့အတွက် ကျန်းမာရေးမကောင်းတဲ့ သူတွေအတွက် အဆင်ပြေသွားတယ်၊ ကျန်းမာရေးဌာနက မကြာခဏလာပြီး ဆေးကုပေးပါတယ်၊ ဒီကြားထဲ တစ်ခုခု ဖြစ်ရင်တော့ မောင်တော ဆေးရုံကြီး သွားပြရတယ်၊ ဒီနေ့ ကလေးတွေကို လည်း ဂျပန်ဦးနှောက်ရောင် ကာကွယ် ဆေးထိုးနှံပေးတယ်၊ ကလေးတော်တော် များများ လာထိုးကြပါတယ်" ဟု ပန်း တော်ပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး အစ္စလာမ်ဘာသာဝင် ဦးအဏ္ဏဝါက ပြောသည်။

မောင်တောမြို့နယ် ကျန်းမာရေး ဌာနမှ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဒေသအတွင်း ဝေးလံခေါင်ဖျားပြီး လမ်းပန်းဆက်သွယ် ရေးခက်ခဲသည့် ကျေးရွာများသို့ သွားရောက်ကာ တစ်လလျှင်နှစ်ကြိမ် ခန့် ရွေ့လျားဆေးအဖွဲ့မှ ဆေးကုသပေး ခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို မောင်တောမြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ ကျော် မှ အသက် ကိုးလမှ ၁၅ နှစ်အောက် ကလေးငယ်များအား ထိုးနှံပေးပြီးဖြစ် ကြောင်း သိရသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-နေလင်း**

# စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တော မြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံကျေးရွာများတွင် စက်မှု လယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်း လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁၉ ရက်ထိ စုစုပေါင်း ၂၁၀၇ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာ များတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၉ ရက်ထိ စုစုပေါင်း ၁၆၄ ဧကကို ရိတ်သိမ်း ပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်းကျေးရွာ များတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၁၅၂ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ကျေးရွာများနှင့် ဦးစိုးတင့် ရပ်ကွက်တွင် စက်မှုလယ်ယာ ဦးစီးဌာန မှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၇၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး ကျေးရွာများတွင် စက်မှုလယ်ယာဦးစီး ဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများ ဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၆၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက် ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်း လျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၉ ရက် အထိ စုစုပေါင်း ၈၉ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်း ကျေးရွာတွင် စက်မှု လယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်း လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်း ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၃) ကြိမ်မြောက် အစည်းအဝေး ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၃) ကြိမ်မြောက် အစည်းအဝေး(ပထမနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။** (အောက်ပုံ)



**ညှိနှိုင်းဆွေးနွေးသွားမည်**

ရှေးဦးစွာ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် JMC-U ၏လုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို မိမိတို့၏ အဖွဲ့အစည်းနှင့် ပတ်သက်သည့် ညှိနှိုင်းစရာများကို အကျေအလည် ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်**

ထို့နောက် JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ပဋိပက္ခသည် တစ်ဖက်နှင့်တစ်ဖက် ပြုမူကျင့်ကြံမှု၊ စိတ်ခံစားမှုနှင့် မတူညီသော အတွေးအမြင်အယူအဆများကြောင့် အဆင့်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ယင်းတို့ကို အဆင့်ဆင့် ညှိနှိုင်းနိုင်စေရန်လိုကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် အပေးအယူရှိကာ နှစ်ဖက် ကျေနပ်မှုရရှိပြီး အကျိုးရှိသော၊ တရားမျှတမှုရှိသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

**မည်သို့ ပါဝင်မည်**

ယင်းနောက် JMC-U ဒုတိယဥက္ကဋ္ဌ (၂) Rev.စောမက်သယူးအေးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် NCA အကောင်အထည်ဖော်မှုတွင် ထိတွေ့မှုမရှိအောင် မည်သို့မည်ပုံ ဟန့်တားမည်၊ မည်သို့ ပါဝင်မည် ဆိုသည်ကို အရပ်သားကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

**အထွေထွေဆွေးနွေးခြင်း**

ယနေ့ အစည်းအဝေးတွင် (၁၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများအားတင်ပြခြင်း၊ JMC အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များတွေ့ဆုံသည့် ဒုတိယအကြိမ် အစည်းအဝေးကျင်းပခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ လုပ်ထုံးလုပ်နည်း (SoP) များအား ဆွေးနွေးအတည်ပြုခြင်း၊ အထွေထွေဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြသည်။

**သုံးရက်ကြာ ကျင်းပသွားမည်**

အဆိုပါ အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

# မူဘောင် (Frame work)၊ လုပ်ငန်းလမ်းစဉ် (ToR)၊ လုပ်ထုံးလုပ်နည်း(SoP) အလုပ်အဖွဲ့ အစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၂၀

**မူဘောင် (Frame work )၊ လုပ်ငန်းလမ်းစဉ် (ToR)၊ လုပ်ထုံးလုပ်နည်း(SoP) အလုပ်အဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက် ကျင်းပရာ (ယာပုံ) ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**



ယနေ့ အစည်းအဝေးများတွင် မူဘောင် (Frame work )၊ လုပ်ငန်းလမ်းစဉ် (ToR)၊ လုပ်ထုံးလုပ်နည်း (SoP) များနှင့် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင်အား Structure, Decision Making Concept, Composition, National Dialogue တို့နှင့် စပ်လျဉ်း၍ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ တာဝန်ရှိသူများက ဆက်လက် ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံရေးပါတီ အစုအဖွဲ့ ကိုယ်စား ဦးသိန်းထွန်းက ပြည်ထောင်စု ငြိမ်းချမ်းရေးညှိနှိုင်းမှုများ ဆက်လက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလမ်းစဉ်၊ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးကြရာတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး ညှိနှိုင်းရမည့် လုပ်ငန်းစဉ်များအတွက်လည်း အခြေခံသဘောထားများ ရရှိပါကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံး ဒေသအနှံ့ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖြစ်တည်မှု၊ တစ်ဆက်တစ်စပ်တည်း လုံခြုံအေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဦးတည်ပြီး စစ်မှန်သည့် လမ်းကြောင်းအတိုင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည့်အတွက် ရလဒ်ကောင်းများရရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့ကိုယ်စား ပဒိုစောကွယ်ထူးဝင်းက ယခု အစည်းအဝေးတွင် ရလဒ်ကောင်းများ ရရှိအောင် ကြိုးစားအဖြေရှာခဲ့ကြပါကြောင်း၊ ရှေ့ဆက်လက်ပြီး အားလုံးလက်တွဲကာ နည်းလမ်းရှာ အဖြေရှာမည်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့် ပြည်သူ့အတွက် ငြိမ်းချမ်းရေးကို အားလုံးကြိုးစား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရအစုအဖွဲ့ကိုယ်စား ဗိုလ်မှူးချုပ်စိန်ထွန်းလှက ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို စိတ်ရှည်ရှည်ဖြင့် ဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်ပါကြောင်း၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင် မပြေလည်မှုရှိသလို ပြေလည်မှုများလည်း ရှိပါကြောင်း၊ ယင်းကို ဆက်လက်ညှိနှိုင်းသွားပါက အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးမှုရလဒ်များနှင့် ပတ်သက်၍ ဦးလှမောင်ရွှေက "အဓိက ကျွန်တော်တို့ကို ပေးတဲ့တာဝန်က နိုင်ငံရေးဆွေးနွေးမှုမူဘောင်အတွက် ဖြစ်ပါတယ်၊ အဲဒီမူဘောင်ကို ပြန်လည်သုံးသပ်ညှိနှိုင်းပြီးတော့ တင်ပြဖို့ဖြစ်ပါတယ်၊ ဒုတိယကတော့ လုပ်ငန်းလမ်းညွှန်တွေ အားလုံးကို ပြန်သုံးသပ်တယ်၊ ပြီးခဲ့တဲ့ ညီလာခံအပေါ် အခြေခံပြီးတော့ ပိုမိုကောင်းမွန် အောင်မြင်အောင်၊ ရလဒ်တွေမြန်မြန်ရအောင် ညှိနှိုင်းခဲ့တာရှိတယ်၊ လုပ်ငန်းလမ်းညွှန် အကုန်လုံးကို ဆွေးနွေးနိုင်ခဲ့တယ်၊ အဲဒီပေါ်ကတစ်ဆင့် အဆိုပြုချက်တွေ ထွက်လာမယ်၊ မူဘောင်မှာ အများစုလည်း တူတယ်၊ တချို့ အမြင် အနည်းငယ်ကွဲပြားတာကို UPDJC အစည်းအဝေးကို တင်ပြမယ်၊ ရလဒ်ဆိုတာကတော့ ကျွန်တော်တို့ အားလုံးကို ပြီးအောင်ဆွေးနွေးနိုင်တယ်၊ SoP လို့ခေါ်တဲ့ လုပ်ထုံးလုပ်နည်းဆိုတာ ဒီတစ်ခေါက်မှာ ထွက်လာတာပါ၊ ဒါကိုလည်းပြီးအောင် ဆွေးနွေးနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

မူဘောင်(Frame work )၊ လုပ်ငန်းလမ်းစဉ်(ToR)၊ လုပ်ထုံးလုပ်နည်း (SoP) အလုပ်အဖွဲ့ အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးများသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအား ကမ္ဘာ့အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြု

**ရန်ကုန် နိုဝင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက် အထိ ကျင်းပသော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ စာနယ်ဇင်းနေ့ အခမ်းအနားနှင့် တောင်အာရှနိုင်ငံများ သတင်းမီဒီယာကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ - ၁ ဦးအောင်လှထွန်းနှင့် ကောင်စီဝင် ဦးဟန်ညွန့်(ဥပဒေ)တို့သည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ စင်ကာပူ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြသည်။




အဆိုပါအဖွဲ့သည် အိန္ဒိယနိုင်ငံတွင် ကျင်းပသော ကမ္ဘာ့သတင်းမီဒီယာကောင်စီများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး**(အပေါ်ပုံ)** မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအား ကမ္ဘာ့အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုရန် တင်ပြခဲ့ရာ အစည်းအဝေးက တညီတညွတ်တည်း ဝင်ရောက်ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။ တောင်အာရှနိုင်ငံများ သတင်းမီဒီယာ ကောင်စီအသင်း ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘက်က တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအား တောင်အာရှနိုင်ငံ သတင်းမီဒီယာကောင်စီအသင်းဝင်အဖြစ် လက်ခံခဲ့သည်။

နိုင်ငံတကာမှ တက်ရောက်လာကြသော သတင်းစာဆရာများ၊ မီဒီယာကောင်စီဝင်များနှင့် သတင်းမီဒီယာဆိုင်ရာ စိန်ခေါ်မှုများအကြောင်းကို ဆက်လက်ဆွေးနွေးကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် မိမိ အတွေ့အကြုံ သင်ခန်းစာများဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။

**မြန်မာ့အလင်း**

# ကော့သောင်းမြို့သို့ ထိုင်းနိုင်ငံမှတစ်ဆင့် ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်လျက်ရှိ

**ကော့သောင်း နိုဝင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံမှတစ်ဆင့် ကော့သောင်းမြို့သို့ ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိသည်ကို တွေ့ရသည်။

လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လုပ်ထုံးလုပ်နည်းများနှင့်အညီ ကော့သောင်းမြို့၏ တစ်ခုတည်းသော ကြယ်ငါးပွင့် အဆင့်ဟိုတယ် Grand Andaman မှတစ်ဆင့် ကော့သောင်းမြို့၏ အထင်ကရ သမိုင်းဝင်နေရာများဖြစ်သည့် ယခင် ဗစ်တိုးရီးယားပွိုင့် (ခေါ်) ဘုရင့်နောင်အငူ၊ ဘုရင့်နောင်မင်းတရားကြီး ရုပ်တုကုန်းမြေ၊ မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော်၊ ၅၅၅ တောင် ဗျူးပွိုင့်၊ မလိဝမ်းသဘာဝရေတံခွန်နှင့် ရေပူစမ်းနှင့် ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်းရှိ သာယာလှပသည့် သဘာဝအလှ မပျက်ယွင်းသေးသည့် ငှက်သိုက်ကျွန်း၊ မြင်းခွာကျွန်း၊ စေတန်ကျွန်း၊ ကြက်မောက်ကျွန်း(ခေါ်)အသည်းပုံကျွန်း ၊ ညောင်ဦးဖီးကျွန်းနှင့် ခရင်းခွကျွန်းစသည့် နေရာများသို့ အများဆုံး လည်ပတ်ကြည့်ရှုလေ့လာ အပန်းဖြေကြကြောင်း သိရသည်။

ပွင့်လင်းတိုးတက်ဖွံ့ဖြိုးလာနေသည့် တနင်္သာရီတိုင်းဒေသကြီး၏ အဓိကအားထားရာ ခရီးသွားလုပ်ငန်းကဏ္ဍတွင် သာယာလှပသည့် သဘာဝကျွန်းပေါင်းများစွာသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များထံမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

*✱ ကျောဖုံးမှ*

စည်ပင်သာယာရေးကော်မတီရှိ ဈေးများဌာန ကိုယ်စားပြုအပြေးသမား ကိုစန်းနိုင်က စံချိန် ၃၃ မိနစ် ၁၀ စက္ကန့်ဖြင့် ပန်းဝင်ကာ ပထမဆုကို လည်းကောင်း၊ အမျိုးသမီး ပြိုင်ပွဲတွင် မသီတာချိုက ၄၁ မိနစ် ၄၂ စက္ကန့်ဖြင့် ပန်းဝင်ကာ ပထမဆုကို လည်းကောင်း အသီးသီးရရှိသည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သူ ၅၀၀၀ ခန့်ရှိပြီး ပြည်တွင်း၌ နေထိုင်ကြသည့် နိုင်ငံခြားသား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။ **သတင်း -အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မူဆယ်သွားမည့် ယာဉ်များပေါ်မှ ပိတောက်ခွားရွေတုံးများ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၁ စီး ၊ သွင်းကုန် ၉၉၂ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁ စီး၊ သွင်းကုန် ၁၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၆ ဒသမ ၆၀၅ သန်းခန့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၉၃၁ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၈ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀ ဒသမ ၅၃၆ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၉ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က



စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Chang Long ယာဉ်နှစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ မိုးကာဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေသစ် ၁၇၄ တုံး ၂၆ ဒသမ ၉၀၁၈ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀ ဒသမ ၇၀၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အောင်လံမြို့မရဲစခန်း အချုပ်ခန်းခေါင်မိုးအားဖောက် အချုပ်သားနှစ်ဦး ထွက်ပြေးလွတ်မြောက်သွား

**ရန်ကုန် နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၏ မြို့မရဲစခန်း အချုပ်ခန်း ခေါင်မိုးအားဖောက်၍ အချုပ်သားနှစ်ဦးထွက်ပြေးလွတ်မြောက်မှု နိုဝင်ဘာ ၂၀ ရက် နံနက် ၃ နာရီခန့်က ဖြစ်ပွားခဲ့၍ လွတ်မြောက်သွားသော အချုပ်သားနှစ်ဦးအား လိုက်လံစုံစမ်းဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

"မနက် ၃ နာရီခန့်မှာ အချုပ်ခန်းရဲ့ သန့်စင်ခန်း အလယ်ခန်းအပေါ်က သံဆန်ခါကို ဖျက်ပြီး အပေါ်က အုတ်မိုးကို ဖယ်ပြီးတော့ အချုပ်သားနှစ်ဦး ထွက်ပြေးသွားတာပါ၊ ဆိုင်ကယ်ခိုးမှုနဲ့ အမှုရင်ဆိုင်နေရတဲ့သူတွေပါ၊ စခန်းက ဖြန့်ပြီး လိုက်လံရှာဖွေနေပါတယ်၊ နယ်မြေအတွင်း အဖွဲ့ငါးဖွဲ့ ဖွဲ့ပြီး စုံစမ်းနေသလို လက်လှမ်းမီရာ စခန်းတွေကိုလည်း ချိတ်ဆက် ဆောင်ရွက်နေပါတယ်"ဟု မြို့မစခန်းမှူး ဒုရဲမှူးထင်ကျော်က ပြောသည်။

လွတ်မြောက်နေသော အချုပ်သားနှစ်ဦးတွင် တစ်ဦးမှာ မြို့ခံတစ်ဦးဖြစ်၍ ကျန်တစ်ဦးမှာ ရခိုင်ပြည်နယ်ကဖြစ်ပြီး လက်ရှိတွင် အမှုရင်ဆိုင်နေသူများ ဖြစ်သည်။ နှစ်ပေါင်းတစ်ရာခန့်ရှိသော အချုပ်ခေါင်မိုး၊ သံဆန်ခါကို ယနေ့တွင် ပြင်ဆင်လျက်ရှိကာ ယင်းနေ့ တာဝန်ထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင်များအား ရဲစည်းကမ်းဖြင့် အရေးယူဆောင်ရွက်ထားကြောင်း အောင်လံမြို့မရဲစခန်းမှ သိရသည်။ **(၁၆၄)**

# မူဆယ် ၁၀၅ မိုင် နယ်မြေအတွင်း အသံမိုင်းတစ်လုံး ပေါက်ကွဲ

**မူဆယ် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ရွာမကျေးရွာ MPT နှင့် တယ်လီနောဆက်သွယ်ရေးတိုင် နှစ်ခုကြား၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲခန့်က အသံမိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး ရွာမကျေးရွာ နယ်မြေ ၂ ပလောင်ရပ်ကွက်အနီးရှိ MPT နှင့် တယ်လီနော ဆက်သွယ်ရေးတိုင် နှစ်ခုကြား အောက်ခြေ နေကြာရိုင်းတောအတွင်း အမှိုက်ပုံ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲခန့်က ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းပေါက်ကွဲသည့်နေရာသို့ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ဝင်များ၊ မြို့မပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ၁၀၅ မိုင် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ရောက်ရှိလာပြီး ပေါက်ကွဲမှုဖြစ်စဉ်ကို ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာ သံပျော့ဘူး(အချိုရည်ဘူး)အတွင်း ပေါက်ကွဲစေနိုင်သော ယမ်း သို့မဟုတ် ပစ္စည်းတစ်မျိုး ထည့်သွင်း၍ အသံ မြည်စေရန် ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲခဲ့ကြောင်း သိရကာ ပေါက်ကွဲမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ မရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# မုံရွာမြို့နယ် ဖန်ခါးကျင်းအုပ်စု ရေနံစိမ်းချက်ဖို တစ်ဖို မီးလောင်ရာ ရေနံစိမ်းပီပါ အလုံး ၅၀ ခန့် မီးလောင်

**မုံရွာ နိုဝင်ဘာ ၂၀**

မုံရွာမြို့မြောက်ဘက် ဖန်ခါးကျင်းကျေးရွာအုပ်စုအနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ကမ္ဘာကျော် ရေနံစိမ်းချက်ဖိုတွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၄ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ရာ **(အောက်ပုံ)** ရေနံစိမ်း ပီပါ အလုံး ၅၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။



"ချက်ဖို မီးထိုးတဲ့နေရာက မီးအပူရှိန်နဲ့ ချက်ဖိုဆီကျကန်က ဆီငွေ့တွေ ထိတွေ့ပြီး မီးစတင်လောင်တာဖြစ်ပါတယ်၊ ကမ္ဘာကျော် ရေနံစိမ်းချက်ဖိုမှာ မီးလောင်တာပါ၊ မနက် ၅ နာရီလောက်မှာ ဖုန်းသတင်းရတဲ့အတွက် မြို့နယ်လက်ထောက်မီးသတ်ဦးစီးမှူးနဲ့အတူ ဦးဆောင်ပြီး မီးငြိမ်းသတ်ယာဉ် နှစ်စီးနဲ့ ထွက်ခွာငြိမ်းသတ်ခဲ့ရတာပါ" ဟု မုံရွာမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဇော်က ပြောပြသည်။

၁၆ ပေ × ၁၀ ပေရှိ ချက်ဖိုသံကန်မှ မီးစတင်လောင်ကျွမ်းပြီး ရေနံစိမ်း ပီပါ အလုံး ၅၀ လောင်ကျွမ်းရာ ရပ်ကွက်များမှ မီးငြိမ်းသတ်ယာဉ် ကိုးစီး၊ ရေသယ်ယာဉ် သုံးစီးတို့နှင့်အတူ သန္ဒေမီးသတ် ၃၀၊ အရန်မီးသတ် ၇၀၊ ရဲတပ်ဖွဲ့ဝင်များ၊ ချက်ဖိုလုပ်သားများဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီခွဲတွင် လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကျော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာမြင့်၊ အလုံနယ်မြေရဲကင်းမှ ဒုရဲအုပ်မင်းမင်းထွန်း၊ မုံရွာမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဇော်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆသူ ချက်ဖိုမန်နေဂျာ ဦးဖေသန်းအား မုံရွာမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**


## မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း အနေဖြင့် ၂၀၁၈/၂၀၁၉ အလုပ်အမှုဆောင် သက်တမ်းအတွက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် UMFCCI မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ပုံနှိပ်လောကကောင်းကျိုးအတွက် တက်ကြွစွာ ပါဝင်လုပ်ဆောင်လိုသော အနစ်နာခံ လုပ်ဆောင် ပေးနိုင် မည့် အလုပ်အမှုဆောင်သစ်များ ပါဝင်အဆိုပြုနိုင်ရန်အတွက် ပုံနှိပ်လုပ်ငန်းရှင်များအားလုံးကို ဖိတ်ခေါ်တိုက်တွန်းအပ်ပါသည်။ အလုပ်အမှုဆောင်သစ် ဝင်ရောက်ရွေးချယ်ရန် ဆန္ဒရှိသူများအနေဖြင့် အလုပ်အမှုဆောင်ရွေးချယ်ခြင်းဆိုင်ရာ အဆိုပြုလွှာကို UMFCCI ၆ လွှာရှိ အသင်းရုံးခန်းတွင် လာရောက် ထုတ်ယူနိုင်ပြီး လိုအပ်သည်များ ဖြည့်စွက်၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့ နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေး တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉ ၅၁၀၀၅၃၄၊ ၀၉ ၅၁၀ ၄၈၀၅၊ ၀၉ ၅၀၀၀၂၈၅၊ ၀၉ ၅၁၆ ၇၄၉၉၊ ၀၀ ၂၃၀၀ ၁၉၇၊ ၀၁ ၂၃၀၀ ၁၉၈

အလုပ်အမှုဆောင်အဖွဲ့

## အများသိစေရန် ကြေညာခြင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြေကွက်အမှတ်(၄၅၅)(ပေ၄၀× ပေ၆၀)သည် ဦးဘုန်းမောင်မြင့် ၉/မထလ(နိုင်)၀၁၁၁၇၇ ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်အား မသက်ဆိုင်သူများမှ ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများပြုလုပ်ကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဘုန်းမောင်မြင့်**
**၉/မထလ(နိုင်)၀၁၁၁၇၇**
**အမှတ်(၄၇)(က)၊ မင်းရဲကျော်စွာလမ်း၊**
**စောရန်ပိုင်(အရှေ့)အလုံမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန် ကြေညာခြင်း

ရွှေပြည်သာမြို့နယ်၊ (င-၁၁)ရပ်ကွက်၊ မြေကွက်အမှတ်(၄၇၁) (ပေ၆၀× ပေ၆၀)သည် ဦးဘုန်းမောင်မြင့် ၉/မထလ(နိုင်)၀၁၁၁၇၇ ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်အား မသက် ဆိုင်သူများမှ ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဘုန်းမောင်မြင့်**
**၉/မထလ(နိုင်)၀၁၁၁၇၇**
**အမှတ်(၄၇)(က)၊ မင်းရဲကျော်စွာလမ်း၊**
**စောရန်ပိုင်(အရှေ့)အလုံမြို့နယ်၊ ရန်ကုန်မြို့**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ အောက်ဖော်ပြပါ ငှားရမ်းခြင်းများအတွက် ဈေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်။

(က) အနုပညာဦးစီးဌာန၊ အမျိုးသားဇာတ်ရုံ(မန္တလေး) (လက်ရှိအခြေအနေအတိုင်း)ကို ငှားရမ်းဆောင်ရွက်ခြင်းလုပ်ငန်း

(ခ) အနုပညာဦးစီးဌာန၊ ပန်းချီပန်းပုကျောင်း(မန္တလေး)၏ အရှေ့ဘက် မျက်နှာစာတွင် တည်ရှိသည့် မြေဧရိယာ (အလျား၁၅၉ပေ× အနံ၃၂ပေ) အကျယ်အဝန်းရှိ မြေနေရာ (လက်ရှိအခြေအနေအတိုင်း) ကို ငှားရမ်းဆောင်ရွက်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၁၁-၂၀၁၇
တင်ဒါပိတ်မည့်ရက် - ၇-၁၂-၂၀၁၇
တင်ဒါပိတ်မည့်အချိန် - (၁၆:၀၀)နာရီ
တင်ဒါဖွင့်မည့်ရက် - ထပ်မံအကြောင်းကြားပါမည်။
တင်ဒါပုံစံရောင်းချမည့်နေရာ - အမျိုးသားဇာတ်ရုံ(မန္တလေး)
တင်ဒါတင်သွင်းရန်နေရာ - အမျိုးသားဇာတ်ရုံ(မန္တလေး) ၆၆လမ်း၊ ၂၀×၂၂လမ်းကြား အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
တင်ဒါပုံစံ(က)(၁)စောင်အတွက် ကျသင့်တန်ဖိုး - ၁၀၀၀၀/ကျပ်
တင်ဒါပုံစံ(ခ)(၁)စောင်အတွက် ကျသင့်တန်ဖိုး - ၂၀၀၀/ကျပ်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့် အချက်များအသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၂-၆၁၁၆၈(ရုံးချိန်အတွင်း)၊ ၀၉-၄၃၀၁၃၀၈၉

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

Japanese ODA Loan No.MY –P 10(Power Distribution Improvement Project in Yangon - Phase 1)ဖြင့်ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက်အောက်ဖော်ပြပါပစ္စည်းများအား Local Competitive Bidding စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | IFB 3-5 ODA-LCB | 33 kV Time Sequential Auto Sectionalizer- 1 Lot |

တင်ဒါပုံစံရောင်းချမည့်ရက် -(၂၀.၁၁.၂၀၁၇) ရက်နေ့ မှ (၂၄.၁၁.၂၀၁၇) ရက်နေ့
(၂၇.၁၁.၂၀၁၇ )ရက်နေ့မှ (၁.၁၂.၂၀၁၇)ရက်နေ့

တင်ဒါတင်သွင်းမည့်နေ့ရက်နှင့်အချိန် - (၃.၁.၂၀၁၈)ရက်နေ့၊နေ့လည်(၁၃:၀၀)နာရီမတိုင်မီ
တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန် - (၃.၁.၂၀၁၈)ရက်နေ့၊နေ့လည် (၁၃:၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကိုအောက်ပါလိပ်စာတွင်ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊
ပစ္စည်းစီမံရေးဌာန၊
ရန်ကုန်မြို့ ၊ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆၊ ၀၁- ၂၂၅၆၉၈

## Job Vacancy

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)
1. Network Technician ( CCNA, N+ ) - 2 Posts
2. Barrier Gate/ CCTV Technician- 1 Post
3. Access Control, Fire Alarm, PABX Technician- 1 Post
4. Pagemaker/ Photoshop/ AutoCAD ကျွမ်းကျင် - 1 Post

လုပ်ငန်းအတွေ့အကြုံကိုယ်ရေးအကျဉ်းအား nawarat globaltechnology @ gmail.com သို့ပေးပို့လျှောက်ထား နိုင်ပါသည်။

NAWARAT Global Technology Co., Ltd.
Bldg No.17, 2nd Floor, Nant Thar St., Ahlone
Ph: 2301968, 09443032333

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိတ်ဖြူမြို့၊ ယောဝရပ်ကွက်နေ ဦးလှမောင်၏ သမီး ဒေါ်လှချို(ခ)ဒေါ်မြင့် ၈/ဆဖန(နိုင်)၀၀၆၀၁၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်လှချို(ခ)ဒေါ်မြင့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၁-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀)ပါ ဦးစိန်ဝင်းမှ အမည်ပြောင်းအသစ် လျှောက်ကြော်ငြာတွင် လားရှိုးမြို့၊ ရပ်ကွက်(၁၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အိမ် ခြံ မြေ ရောင်းမည်

ကလောမြို့ - (၃)ရပ်ကွက်
ကလောဘူတာအနီး
**ဖုန်း - ၀၉-၄၂၈၅၈၁၁၂၇**
**၀၉-၇၉၀၆၅၃၉၃၆**
**၀၉-၅၁၀၉၂၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၊ လူနေရပ်ကွက် အမှတ်-၄/မြောက်၊ မြေကွက်အမှတ်(၂၁)၊ (ဧရိယာ (၀ဒသမ၀၈၈)ဧက)၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဦးစိုးမြင့် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အားပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (၁၃၇၀/၂၀၁၇) ရက်စွဲ(၃၀-၁၀-၂၀၁၇) တင်ပြ၍ ဒေါ်စန္ဒာ(ခ)ဒေါ်ခင်နီလာ ၉/ညဥန(နိုင်)၀၀၆၆၉၆ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မည့် တရုတ်ရေတပ်မှ ဆေးရုံသင်္ဘော Peace Ark တန်ဇန်းနီးယားသို့ ဆိုက်ရောက်



**ပေကျင်း နိုဝင်ဘာ ၂၀**

တရုတ်ရေတပ်မတော် ဆေးရုံသင်္ဘော Peace Ark သည် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် တန်ဇန်းနီးယားရှိ စီးပွားရေးမြို့တော် ဒါအက်စ်ဆလမ်သို့ ရောက်ရှိလာခဲ့ပြီး ဒေသခံများထံသို့ ဆေးဝါးကုသမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုများပေးအပ်သည့် ရှစ်ရက်ကြာ လူသားချင်း စာနာထောက်ထားမှု မစ်ရှင်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Peace Ark သင်္ဘောဆိုက်ရောက်မှုသည် ခုနစ်နှစ်အတွင်း ဒုတိယအကြိမ်မြောက် ရောက်ရှိခြင်းဖြစ်ပြီး တန်ဇန်းနီးယား နိုင်ငံသားများက ပျော်ရွှင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။ ဒါအက်ဆလမ် ဆိပ်ကမ်းတွင် အခမ်းအနားဖြင့် ကြိုဆိုခဲ့ချိန်တွင် သင်္ဘောမှ တာဝန်ဆောင်ရွက်မှု အဖွဲ့အကြီးအကဲ ဂွမ်ဘိုင်လင်က သင်္ဘော အလည်အပတ် ရောက်ရှိလာမှုသည် လူသားချင်းစာနာထောက်ထားသည့် အနေဖြင့် ဆေးဝါးအကူအညီ အခမဲ့ပေးအပ်သွားရန်၊ တရုတ်နိုင်ငံနှင့် တန်ဇန်းနီးယား နှစ်နိုင်ငံအတွင်း အသက်မွေးကျွမ်းကျင်မှု အတတ်ပညာများ နက်နက်ရှိုင်းရှိုင်း ဖလှယ်သွားရန်နှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုကို မြှင့်တင်ရန်၊ စည်းလုံးညီညွတ်ရန်နှင့် ဆေးဘက်ဆိုင်ရာ လေ့ကျင့်မှုပေးရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တန်ဇန်းနီးယား ရေတပ်အကြီးအကဲ ရစ်ချတ်မူတာရိုဘာ မာကန်ဇိုက Peace Ark သင်္ဘောကို တန်ဇန်းနီးယားသို့ ထပ်မံစေလွှတ်ခဲ့သည့်အတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် တန်ဇန်းနီးယားနိုင်ငံကို ကဏ္ဍအသီးသီးတို့တွင် ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။ လူသိအများဆုံး ကူညီဆောင်ရွက်ပေးခဲ့သည့် ဇရိယာမှာ တန်ဇန်းနီးယားနှင့် ဇမ်ဘီယာကို ဆက်သွယ်ထားသည့် တန်ဇာရာ မီးရထားလမ်း ဖောက်လုပ်မှုဖြစ်ကြောင်း မာကန်ဇိုက ပြောကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နယူးကယ်လီဒိုနီးယားနှင့် ဗင်နွာတူတို့တွင် ဆူနာမီ သတိပေးချက် ထုတ်ပြန်

**နယူးကယ်လီဒိုနီးယား နိုဝင်ဘာ ၂၀**

နယူးကယ်လီဒိုနီးယားနှင့် ဗင်နွာတူတို့တွင် နေထိုင်ကြသည့် ပြည်သူများကို ပင်လယ်ကမ်းခြေအနီးတွင် မနေကြရန် သတိပေးထားကြောင်း သိရသည်။

တနင်္လာနေ့ နံနက်ပိုင်းက တောင်ပစိဖိတ်တွင် ပြင်းအား ၇ အဆင့်ရှိသည့် ငလျင်တစ်ခု လှုပ်ခတ်သွားခဲ့ပြီးနောက် ဆူနာမီလှိုင်းများ ဖြစ်ပေါ်နိုင်ဖွယ် ရှိသည့်အတွက် အဆိုပါဒေသအနီးတွင် နေထိုင်သူများကို သတိပေးနိုးဆော်မှု ပြုလုပ်ခဲ့သည်။

ပစိဖိတ်ဆူနာမီ သတိပေးနိုးဆော်မှုဗဟိုဌာနက နယူးကယ်လီဒိုနီးယားတွင် ၃၇ စင်တီမီတာအမြင့်ရှိသည့် လှိုင်းများကို မကြာသေးမီက တိုင်းတာတွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အိမ်နီးချင်းဖြစ်သည့် ဗင်နွာတူတွင် လှိုင်းများမှာ ၂၂ စင်တီမီတာခန့် အမြင့်ရှိကြောင်း ဖော်ပြခဲ့သည်။

လာမည့် နာရီအနည်းငယ်အတွင်း ၃၀ စင်တီမီတာခန့်မြင့်သည့် ဆူနာမီလှိုင်းများ နောက်ထပ်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## လာမည့်ဒီဇင်ဘာတွင် ကွန်ဂရက်လွှတ်တော်ကို ဦးစီးသွားမည်ဖြစ်ကြောင်း သမ္မတမူဂါဘီပြောကြား

**ဟာရာရီ နိုဝင်ဘာ ၂၀**

ZANU-PF ပါတီက ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီကို ပါတီအကြီးအကဲအဖြစ်မှ ဖယ်ရှားလိုက်ပြီး နာရီအနည်းငယ်အကြာတွင် သမ္မတမူဂါဘီသည် ၎င်းအနေဖြင့် လာမည့်ဒီဇင်ဘာလတွင် လက်ရှိအာဏာရပါတီ၏ ကွန်ဂရက်လွှတ်တော်ကို ဦးစီးသွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က တိုက်ရိုက်ရုပ်သံထုတ်လွှင့်မှုတွင် ၎င်း၏ပြည်သူများအားပြောကြားခဲ့ကြောင်း သိရသည်။

၎င်းကို အကျယ်ချုပ်ဖြင့်ထားရှိရာ နေအိမ်မှပြောဆိုခဲ့သည့် မိန့်ခွန်းတွင် မူဂါဘီက ၎င်း၏ ပါတီအား ဖိနှိပ်ထားမှုအခြေအနေကို အသိအမှတ်ပြုကြောင်းနှင့် ၎င်းအနေဖြင့် အားလုံးအတွက် ပြဿနာများကိုဖြေရှင်းသွားရန်အတွက် လာမည့်လတွင် ZANU-PF ပါတီ၏ ကွန်ဂရက်လွှတ်တော်ကို သဘာပတိအဖြစ် ဦးစီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတက ၎င်းအနေဖြင့် ပါတီအတွင်းဖြစ်ပွားနေသည့် ပဋိပက္ခများသည် နိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေသည်ကို တပ်မတော်အကြီးအကဲများနှင့် သဘောတူညီကြောင်း ပြောကြားခဲ့သည်။

လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ကွန်ဂရက်လွှတ်တော် အစည်းအဝေးကျင်းပတော့မည်ဖြစ်ပြီး ကွန်ဂရက်လွှတ်တော်၏ လုပ်ငန်းစဉ်များတွင် ၎င်းက ဦးဆောင်သွားမည်ဖြစ်ကာ လုပ်ငန်းစဉ်များကို နှောင့်ယှက်ဖျက်ဆီးမည်ဟု ယူဆရသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမျှ ကြံစည်ခြင်းမရှိစေရကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အိုကီနာဝါ၌ ယာဉ်တိုက်မှုကြောင့် ဂျပန်နိုင်ငံသားသေဆုံးပြီးနောက် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့၌ အရက်သောက်သုံးမှုကို ပိတ်ပင်

**တိုကျို နိုဝင်ဘာ ၂၀**

ဂျပန်တောင်ပိုင်း အိုကီနာဝါစီရင်စုတွင် ပြီးခဲ့သည့်ရက်ပိုင်းက ယာဉ်မတော်တဆ ဖြစ်ပွားမှုကြောင့် ဂျပန်နိုင်ငံသားတစ်ဦး သေဆုံးသွားခဲ့ပြီးနောက် ဂျပန်နိုင်ငံတွင် အခြေစိုက်ထားသည့် အမေရိကန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအားလုံး အရက်သောက်ခြင်းကို ပိတ်ပင်တားမြစ်လိုက်ကြောင်း သိရသည်။

ဂျပန်အခြေစိုက် အမေရိကန်တပ်ဖွဲ့သည် အိုကီနာဝါရှိ ၎င်း၏ တပ်ဖွဲ့ဝင်များအား အခြေစိုက်နေထိုင်မှုကို ကန့်သတ်လိုက်ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

နောက်ထပ်သတိပေးနိုးဆော်ချက် ထပ်မံထွက်ပေါ်မလာမချင်း ယင်းပိတ်ပင်မှု သက်ရောက်နေမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန် မရိန်းတပ်သား နီကိုလပ်စ်ဂျိမ်းစ် မက်လီယန်ကို ယာဉ်မတော်တဆမှုဖြင့် ဖမ်းဆီးလိုက်ပြီးနောက် ထိုသို့ ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မက်လီယန်သည် နာဟာမြို့တွင်းရှိ လမ်းပေါ်တွင် ကားမောင်းနေစဉ် ကုန်တင်ထရပ်ကားတစ်စီးကို အရှိန်ဖြင့် ဝင်တိုက်ခဲ့ရာ အသက် ၆၁ နှစ်ရှိ ထရပ်ကားမောင်းသူ ဂျပန်နိုင်ငံသား သေဆုံးသွားခဲ့သည်။

စစ်ဆေးချက်များအရ မရိန်းတပ်သားသည် အရက်သောက်သုံးရန် ခွင့်ပြုထားသည့်ပမာဏထက် သုံးဆခန့် အလွန်အကျွံ သောက်သုံးထားသည်ကို တွေ့ရသည်ဟု ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် မေလကလည်း အိုကီနာဝါစီရင်စုတွင် အမေရိကန်နိုင်ငံသား လုပ်သားတစ်ဦးက အမျိုးသမီးတစ်ဦးကို သတ်ဖြတ်လိုက်သည်ဟုဆိုကာ ဖမ်းဆီးလိုက်ပြီးနောက်တွင် အလားတူ အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



**နိုင်ငံတကာ သတင်းတိုထွာ**

## အမေရိကန်တပ်မတော် ထရပ်ကားနှင့် ယာဉ်တစ်စီးတိုက်မိ ဂျပန်ပြည်သူတစ်ဦး သေဆုံး

**အိုကီနာဝါ နိုဝင်ဘာ ၂၀**

အိုကီနာဝါကျွန်းပေါ်တွင် အမေရိကန်တပ်မတော် ထရပ်ကားတစ်စီးနှင့် ယာဉ်ငယ်တစ်စီးတို့ တိုက်မိခဲ့ရာ ဂျပန်နိုင်ငံသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုသည် နာဟာမြို့အတွင်းရှိ လမ်းဆုံလမ်းခွတစ်ခုတွင် တနင်္ဂနွေနေ့အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မော်တော်ယာဉ်ငယ်တွင် လိုက်ပါလာသည့် ဒရိုင်ဘာကို ယာဉ်တိုက်မှု ဖြစ်လျှင်ဖြစ်ချင်း ဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ခဲ့သော်လည်း သေဆုံးသွားခဲ့သည်။

ဂျပန်ရဲတပ်ဖွဲ့က ပြောကြားသည်မှာ တပ်မတော်ထရပ်ကားမောင်းနှင်သည့် ဒရိုင်ဘာမှာ အရက်အလွန်အကျွံ သောက်ထားသည်ကို တွေ့ရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။ ဒရိုင်ဘာသည် အမေရိကန်မရိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်းနှင့် ၎င်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထရပ်ကားသည် မီးနီကို ဖြတ်ကျော်မောင်းနှင်ခဲ့ကြောင်း မျက်မြင်သက်သေများနှင့် အခြားသက်သေ အထောက်အထားများက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

## ဝါရှင်တန်တွင် ဖွင့်လှစ်ထားသည့် ပါလက်စတိုင်း လွတ်လပ်ရေး အဖွဲ့အစည်းရုံးကို ပိတ်ပစ်ရန် အမေရိကန်သတိပေး

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အမေရိကန်အစိုးရအဖွဲ့သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် ဖွင့်လှစ်ထားသည့် ပါလက်စတိုင်းလွတ်လပ်ရေးအဖွဲ့အစည်းရုံးကို ပိတ်ပစ်မည့် အစီအစဉ်ကို ပါလက်စတိုင်းသို့ အသိပေးခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးတက်အောင်မြင်စေရန် အပြင်းအထန် ဆန္ဒရှိနေသည်ဖြစ်ရာ သောကြာနေ့က ထိုသို့ အသိပေးကြေညာခဲ့မှုသည် ပါလက်စတိုင်း အာဏာပိုင်များအနေဖြင့် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရန် ပိုမို ဖိအားပေးသွားရန်အတွက် လုပ်ဆောင်ခြင်းဖြစ်သည်ဟု မျှော်လင့်ရသည်။

အကယ်၍ ပါလက်စတိုင်း လွတ်လပ်ရေးအဖွဲ့က အစ္စရေးနိုင်ငံသားများကို စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးသို့ ရောက်ရှိအောင် ကြိုးပမ်းလာခဲ့မည်ဆိုလျှင် ဝါရှင်တန်တွင် ပါလက်စတိုင်း လွတ်လပ်ရေးအဖွဲ့ရုံးကို လည်ပတ်ဆောင်ရွက်နိုင်မည်မဟုတ်ဟု အမေရိကန်က သတိပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

# အလှမ်းကွာဝေးဖို့ အရိပ်အယောင်တွေ ပြလာတဲ့ အမေရိကန်နဲ့ ပါလက်စတိုင်းဆက်ဆံရေး

**ခြူးစန္ဒီဝေ**



အမေရိကန်သမ္မတ ထရန့်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ မေလအတွင်း ဝါရှင်တန်၌ တွေ့ဆုံကြစဉ်။

အမေရိကန်အနေနဲ့ အရှေ့အလယ်ပိုင်းဒေသမှာ အီရန်ကို ရင်ဆိုင်နိုင်ဖို့ မဟာမိတ်တွေနဲ့ ချစ်ကြည်ရေး တည်ဆောက်နေချိန်မှာ အမေရိကန်အတွက် နောက်ထပ် ခြိမ်းခြောက်မှုတစ်ခုနဲ့ ကြုံတွေ့လာရပြန်ပါပြီ။ ဒီတစ်ခါကတော့ ပါလက်စတိုင်းတွေရဲ့ ခြိမ်းခြောက်မှုပဲ ဖြစ်ပါတယ်။ ဝါရှင်တန်မှာရှိတဲ့ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ရဲ့ သံတမန် ဆက်ဆံရေးရုံးကို ထရန့်အစိုးရက ပိတ်ပစ်ဖို့ ဆောင်ရွက်နေပါတယ်။ တကယ်လို့ အဲဒီရုံးကို ပိတ်ပစ်ဖို့ ကြိုးစားခဲ့မယ်ဆိုရင် ပါလက်စတိုင်းတို့ဘက်ကလည်း အမေရိကန်နဲ့ ဆက်ဆံရေးတွေအားလုံးကို ဖြတ်တောက်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ ဒီလိုမျိုး အမေရိကန်နဲ့ ပါလက်စတိုင်းတို့ရဲ့ ဆက်ဆံရေးမှာ အက်ကြောင်းပေါ်လာတာဟာ သမ္မတထရန့်ရဲ့ အရှေ့အလယ်ပိုင်းဒေသမှာ ငြိမ်းချမ်းရေး တည်ဆောက်ဖို့ဆိုတဲ့ ကိစ္စမှာ အနှောင့်အယှက်တွေ ဖြစ်လာစေနိုင်ပါတယ်။ လတ်တလောမှာတော့ သမ္မတထရန့်ဟာ အရှေ့အလယ်ပိုင်းက ကိစ္စတွေအတွက် သူ့ရဲ့ သမက်ဖြစ်သူ ဂျရက်ကုရှ်နာအပေါ်မှာ လွှဲထားပါတယ်။

ပုံမှန်အားဖြင့်တော့ အမေရိကန်ဟာ အစ္စရေးနဲ့ပိုပြီး သင့်မြတ်ပါတယ်။ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့က အထွေထွေအတွင်းရေးမှူး ဆာအက်အီရီကက်က အမေရိကန်ရဲ့ ဆုံးဖြတ်ချက်ဟာ လက်ခံနိုင်လောက်စရာမရှိဘူး၊ အမေရိကန်ဟာ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုရဲ့ ဖိအားပေးမှုတွေကြောင့် ဒီလိုဆုံးဖြတ်တာလို့လည်း စွပ်စွဲထားပါတယ်။ ဒါ့အပြင် လူမှုကွန်ရက်ပေါ်မှာလည်း ပါလက်စတိုင်း လွတ်မြောက်ရေးတပ်ဖွဲ့အနေနဲ့ အမေရိကန်နဲ့ ဆက်ဆံရေးအားလုံးကို ထိန်းချုပ်သွားမယ်လို့လည်း ပြောဆိုခဲ့ပါတယ်။ ထရန့်ရဲ့ အစိုးရအဖွဲ့ကတော့ ဒါနဲ့ပတ်သက်ပြီး ချက်ချင်းတုံ့ပြန်မှုမျိုး မရှိပါဘူး။ အစ္စရေး ဘက်ကတော့ ပါလက်စတိုင်းရုံးဖွင့်ခွင့်ကို အမေရိကန်ဘက်က ပိတ်ပင်တာဟာ အမေရိကန်ရဲ့ ဥပဒေအတိုင်းသာ လုပ်ဆောင်တာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အီရီကက်ဘက်က လူမှုကွန်ရက်ပေါ်မှာ ပြောဆိုမှုတွေ မပြုလုပ်မီကတည်းက အမေရိကန်ဘက်က တစိုက်မတ်မတ် ပြောဆိုခဲ့တာကတော့ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ရဲ့ရုံးကို ပိတ်ပစ်ဖို့ ဆောင်ရွက်တာဟာဆိုရင် ပါလက်စတိုင်းတွေကို တွန်းထုတ်ပစ်ဖို့ ဆောင်ရွက်တာမဟုတ်ဘူး။ အမေရိကန်ရဲ့ ဥပဒေအရ ဆောင်ရွက်တာပဲ ဖြစ်တယ်ဆိုတာပါပဲ။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့လို့ခေါ်တဲ့ PLO ဟာဆိုရင် ပါလက်စတိုင်းလူထုကို ကိုယ်စားပြုတယ်လို့ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကြီးတစ်ခုလုံးက သတ်မှတ်ထားပါတယ်။ ၁၉၉၄ ခုနှစ်ကတည်းက ဝါရှင်တန်ဒီစီမှာ ဖွင့်လှစ်ထားခဲ့တဲ့ အဖွဲ့အစည်းလည်း ဖြစ်တယ်။ လက်ရှိပေါ်ပေါက်နေတဲ့ ပြဿနာကတော့ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးကို အစ္စရေးအပေါ် စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ဖို့ တောင်းဆိုခဲ့တာပဲဖြစ်တယ်။ ပါလက်စတိုင်းအာဏာပိုင်တွေဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးကို ဖိအားပေးတာတွေ မလုပ်သင့်ဘူးလို့လည်း အမေရိကန်ဘက်က ပြောပါတယ်။ အစ္စရေးဟာ ပါလက်စတိုင်းနိုင်ငံသားတွေအပေါ်မှာ ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တယ်ဆိုပြီး အပြည်ပြည်ဆိုင်ရာ တရားရုံးကို စစ်ဆေးပေးဖို့ တောင်းဆိုခဲ့တာပဲဖြစ်တယ်။ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကလည်း စက်တင်ဘာလအတွင်းမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးအနေနဲ့ အစ္စရေးအပေါ် စုံစမ်းမှုတွေ ပြုလုပ်ပေးဖို့၊ အစ္စရေးအရာရှိကြီးတွေကိုလည်း ပါလက်စတိုင်းလူမျိုးတွေအပေါ်မှာ ကျူးလွန်ခဲ့မှုအတွက် တရားစွဲဆိုမှုတွေ ပြုလုပ်ဖို့ တောင်းဆိုခဲ့ပါတယ်။

PLO ရုံးကို ပိတ်ပစ်မယ်ဆိုတဲ့ အမေရိကန်ရဲ့လုပ်ရပ်ဟာ သူ့ကို အလွန်အံ့ဩသွားစေတယ်လို့ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောပါတယ်။ ဒီလို လုပ်လိုက်ခြင်းအားဖြင့် အာရပ်-အမေရိကန်ဆက်ဆံရေးကို ပိုပြီး ဆိုးရွားသွားစေတယ်လို့ ပြောပါတယ်။ ဒါ့အပြင် ရရှိလာတဲ့ အကျိုးဆက်ကြောင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုကိုလည်း ထိခိုက်စေနိုင်တယ်လို့ ပြောခဲ့ပါတယ်။ အစ္စရေးရဲ့ ဖိအားပေးမှုကြောင့် ဒီလိုမျိုး ဆောင်ရွက်ရတာပဲ ဖြစ်တယ်လို့ ပါလက်စတိုင်းတွေဘက်က စွပ်စွဲကြပါတယ်။

အမေရိကန်ရဲ့ ဥပဒေအရ အမေရိကန်သမ္မတ ထရန့်မှာ ဝါရှင်တန်တွင် ဖွင့်လှစ်ထားတဲ့ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ရဲ့ရုံးကို ဆက်လက်ဖွင့်ခွင့်ပေးသင့် မပေးသင့် ဆုံးဖြတ်ဖို့ ရက်ပေါင်း ၉၀ အချိန်ကျန်ရှိပါသေးတယ်။ ပါလက်စတိုင်းတွေအနေနဲ့ အစ္စရေးနဲ့ တိုက်ရိုက်အကျိုးများတဲ့ ဆွေးနွေးပွဲတွေ ပြုလုပ်ဖို့ ရှိ မရှိဆိုတာ ထည့်သွင်းစဉ်းစားဖို့ လိုပါသေးတယ်။ တကယ်လို့များ သမ္မတထရန့်က ပါလက်စတိုင်းတွေဟာ အစ္စရေးနဲ့ တိုက်ရိုက် ညှိနှိုင်းမှုတွေ ပြုလုပ်ဖို့ ရှိတယ်လို့ စဉ်းစားရင်တော့ ပါလက်စတိုင်းရုံးကို ပြန်လည် ဖွင့်လှစ်နိုင်ပါလိမ့်မယ်။ PLO ရုံးက အရာရှိတစ်ဦးဖြစ်တဲ့ ဟာနန်အက်ရှ်ရာဝိုင်ကတော့ အမေရိကန်ဟာ ငြိမ်းချမ်းရေးကို ချိုးဖျက်တဲ့သူလို့ စွပ်စွဲလိုက်ပါတယ်။

အမေရိကန်ဘက်ကတော့ သူတို့အနေနဲ့ ပါလက်စတိုင်းနဲ့ ဆက်သွယ်ရေး ဖြတ်တောက်ဖို့ ပြုလုပ်နေတာမဟုတ်ဘဲ ပါလက်စတိုင်းနဲ့ အစ္စရေးတို့ ငြိမ်းချမ်းရေး သဘောတူညီမှုရရှိအောင် ဦးတည်ကြိုးစားတာပဲဖြစ်တယ်လို့ ပြောပါတယ်။ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ဟာ သူတို့ကြားထဲမှာ နှစ်ပေါင်းများစွာကတည်းက ရှိလာတဲ့ ပဋိပက္ခတွေကို ချုပ်ငြိမ်းဖို့ တိုက်ရိုက် တွေ့ဆုံညှိနှိုင်းမှုတွေကို တက်တက်ကြွကြွ မလုပ်ဆောင်ကြပါဘူး။ အမေရိကန်ကတော့ အစ္စရေးနဲ့ တကယ့်မဟာမိတ်တွေ ဖြစ်ပေမယ့် ပါလက်စတိုင်းနဲ့ ပြန်လည်သင့်မြတ်ရေးကိုတော့ လိုလားပါတယ်။ ဒါကြောင့်လည်း ထရန့်ဟာ သူ့ရဲ့သားမက်ဖြစ်သူကို အိမ်ဖြူတော် ထိပ်တန်းအကြံပေး တစ်ဦးအနေနဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းကြားက အမြစ်တွယ်နေတဲ့ ရန်ပွဲတွေ အပြီးသတ်နိုင်အောင်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပြုလုပ်နိုင်အောင် ကြားကနေ ဆောင်ရွက်ပေးနိုင်ဖို့ တာဝန်ပေးထားပါတယ်။

ပါလက်စတိုင်းတွေဘက်ကလည်း အမေရိကန်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုချင်ပေမယ့် သူတို့မှာလည်း သံသယတွေ အများကြီးရှိပါတယ်။ ဒါကတော့ အမေရိကန်ဟာ အစ္စရေးနဲ့ အင်မတန်မှ ရင်းနှီးတဲ့ ဆက်ဆံရေးရှိပါတယ်။ ဒီတော့ အမေရိကန်ဘက်က အစီအစဉ်တွေဟာ ပါလက်စတိုင်းတွေအတွက် တရားမျှတမှု ရှိမှာမဟုတ်ဘူးလို့ ယူဆကြပါတယ်။ အခုချိန်မှာလည်း ပါလက်စတိုင်းတွေဟာ သူတို့ရဲ့ရုံးနေရာကို အမေရိကန်ရှိ မြို့ကြီးမှာ ဆုံးရှုံးသွားမှာကို မလိုလားကြပါဘူး။ တကယ်လို့များ ပါလက်စတိုင်းရုံးကို အမေရိကန်မှာ ဆက်လက်ဖွင့်ခွင့် မရတော့ဘူးဆိုရင် ပါလက်စတိုင်းကို အစ္စရေးနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲရောက်အောင် ဆွဲခေါ်ဖို့ဆိုတာ အရင်ကထက်ပိုပြီးတော့ အလှမ်းဝေးသွားတော့မှာပါ။

၁၉၉၄ ခုနှစ်ကတည်းကစပြီး အမေရိကန်မှာ ဖွင့်ခွင့်ရခဲ့တဲ့ ဒီ PLO ရုံးဟာ ပါလက်စတိုင်းလူမျိုးတွေအတွက် အရေးပါတဲ့ နေရာတစ်ခုလည်း ဖြစ်မှာပါ။ ပါလက်စတိုင်းတွေရဲ့ရုံး မရှိဘူးဆိုတဲ့ အရာကို သမ္မတ ဘီလ်ကလင်တန်က လျှော့ပေါ့ပေးလိုက်ခြင်းကြောင့် ဒီ PLO ရုံးကို ဖွင့်ခွင့်ရခဲ့တာပဲ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် သမ္မတ အိုဘားမားလက်ထက်မှာ အဲဒီရုံးမှာ ပါလက်စတိုင်းအလံကို လွှင့်ထူခွင့် တရားဝင်ပေးခဲ့ပါတယ်။ ပါလက်စတိုင်းတွေအတွက်လည်း သမိုင်းဝင်နေ့အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ပါတယ်။ ဒါကို ပါလက်စတိုင်းရဲ့အဓိကရန်ဘက်ဖြစ်တဲ့ အစ္စရေးကတော့ ကျေနပ်ခဲ့မယ် မထင်ပါဘူး။ ကုလသမဂ္ဂနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေမှာ ပါလက်စတိုင်းက အဖွဲ့ဝင်အဖြစ် ရှိနေတာကို အစ္စရေးက သဘောမတူပါဘူး။ ငြိမ်းချမ်းရေးအတွက် အပြည့်အဝ မဆောင်ရွက်နိုင်သေးခင်မှာ ပါလက်စတိုင်းကို အသိအမှတ်ပြုထားတာ မကောင်းဘူးလို့ အစ္စရေးတို့က သတ်မှတ်ပါတယ်။

အစ္စရေးနဲ့ ပါလက်စတိုင်းတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးမှုဟာ ၂၀၁၄ ခုနှစ်ကစပြီး ရှေ့ကို တိုးတက်လာတာမျိုး မရှိဘဲ ရပ်တန့်နေပါတယ်။ အမေရိကန်က ကမကထပြုလုပ်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် ကြားဝင်ဆောင်ရွက်ရာမှာလည်း မအောင်မြင်ခဲ့ပါဘူး။ ဒီလိုမျိုး တိုးတက်မှုမရှိဘဲ ရပ်တန့်နေတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေကို အသက်ဝင်လာအောင် လုပ်ဖို့ဆိုရင်တော့ အမေရိကန်ဘက်က အတော်လေး ရုန်းကန်ရဦးမှာပါ။

**ကိုးကား- သည်ဂါးဒီးယန်း**

> “ပါလက်စတိုင်းရုံးကို အမေရိကန်မှာ ဆက်လက်ဖွင့်ခွင့် မရတော့ဘူး ဆိုရင် ပါလက်စတိုင်းကို အစ္စရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရောက်အောင် ဆွဲခေါ်ဖို့ဆိုတာ အရင်ကထက်ပိုပြီးတော့ အလှမ်းဝေး သွားတော့မှာပါ”

# အထူးကော်မရှင်အား လေ့လာခြင်း

**မောင်ကျောက်တိုင်**

မြန်မာနိုင်ငံတွင် ရာစုနှစ်ဝက်မျှ ပျောက်ကွယ်နေသော လွှတ်တော်များ ပြန်လည်ပေါ်ပေါက်လာသည့်အချိန်တွင် လွှတ်တော်များကို စိတ်ဝင်စားစွာ စူးစမ်းလေ့လာစောင့်ကြည့်နေမိသည်။ လွှတ်တော်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်သည်။ ထို့အပြင် ကိုယ်စားပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်တို့ကိုလည်းဆောင်ရွက်သည်။ ယခုအခါ ပထမအကြိမ်လွှတ်တော်၏ ငါးနှစ်တာကာလပြီးနောက် ဒုတိယအကြိမ် လွှတ်တော်များပင် နှစ်နှစ်နီးပါးမျှရှိပြီဖြစ်သည်။ လွှတ်တော်များသည် လုပ်ငန်းတာဝန်မြားမြောင်လှသည့်အလျောက် လွှတ်တော်ကိုအထောက်အကူပြုနိုင်စေရန်နှင့် လွှတ်တော်၏ ပုံမှန်အစည်းအဝေးများ ရပ်နားသည့်ကာလတွင်လည်းလွှတ်တော်၏လုပ်ငန်းများဆောင်ရွက်နိုင်စေရန် အတွက် **လွှတ်တော်အဖွဲ့အစည်းများ** ဟု ခေါ်တွင်သည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို လိုအပ်ချက်အပေါ် မူတည်ပြီး ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်သည်ကိုလည်း တွေ့ရသည်။

ဤတွင်သတိပြုမိသည်က ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင်လည်းကောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်လျက်ရှိသည့် **ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်** ဖြစ်သည်။ ထိုမှတစ်ဖန် ယင်းကော်မရှင်ကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ ကနဦးအစပိုင်းကာလတွင်ပင် ပြည်ထောင်စုလွှတ်တော်၏ ကော်မရှင် အဖြစ်ပြောင်းလဲသတ်မှတ်ဖွဲ့စည်းတာဝန်ပေးသည်ကို တွေ့ရသဖြင့် ပိုမိုစိတ်ဝင်စားမိသည်။

**စိတ်ဝင်စားမှုမြင့်တက်**

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေးတွင် အမြင့်ဆုံးဖြစ်သည်။ ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရသည်။ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည်။ နိုင်ငံတော် အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတသည်ပင် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရသည်။ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်၏ ကော်မရှင်အဖြစ်မှ ပြည်ထောင်စုလွှတ်တော်၏ ကော်မရှင်အဖြစ် ပြောင်းလဲသွားသဖြင့် စိတ်ဝင်စားမှု မြင့်တက်လာခြင်းဖြစ်သည်။

ယင်းကော်မရှင်အား **အထူးကော်မရှင်**ဟု လူသိများကြသည်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေအရ ကော်မရှင်ဖွဲ့စည်းရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော် ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်ပြီး သင့်လျော်သော နိုင်ငံသားများထည့်သွင်း၍ ဖွဲ့စည်းနိုင်ကြောင်း သိရသည်။ အထူးကော်မရှင်ဖွဲ့စည်းမှုအား လေ့လာရာတွင် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း (ပထမအကြိမ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ)၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဒေါက်တာအောင်ခင် (ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် ဒေါက်တာသန်းဝင်း(မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ)တို့ဖြစ်သည်။ အဖွဲ့ဝင်အဖြစ်ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးခင်မောင်ဝင်း (လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်၊ တရား စီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ)နှင့် ဦးမောင်မောင် အုန်း (ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသား လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်)တို့ ဖြစ်သည်။

**"အထူးကော်မရှင်သည် စေတနာ၊ အတွေ့အကြုံနှင့် အရည်အချင်းတို့ကိုအခြေခံကာ ပြည်ထောင်စုလွှတ်တော်၏ အမိန့်ကြော်ငြာစာပါပေးအပ်သည့် တာဝန်များကို မူဘောင်အတွင်းက ဆောင်ရွက်လျက်ရှိသည်ဟု သုံးသပ်တွေ့ရှိရပြီး ဥပဒေပြုရေးလုပ်ငန်းစဉ်ကို ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရာမှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ကာကွယ်စောင့်ရှောက်မည့် ဥပဒေများ ပေါ်ထွက်လာရေးကို မျှော်လင့်"**

**တာဝန်ကိုးရပ်**

အဖွဲ့ဝင်အဖြစ် ပါဝင်သော အခြားပုဂ္ဂိုလ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ ဌာန၊ အဖွဲ့အစည်း၊ နယ်ပယ်အသီးသီးမှ အငြိမ်းစား ပြည်သူ့ဝန်ထမ်းအရာရှိကြီးများပါဝင်ကြပြီး စုစုပေါင်း ၃၈ ဦးဖြင့် အထူးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုသဘောတူညီချက်ရယူကာ ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ ပြည်ထောင်စုလွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၆)အရ အထူးကော်မရှင်အားပေးအပ်သည့် တာဝန်ကိုးရပ်ကို အောက်ပါအတိုင်းတွေ့ရသည်-

(က) တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန်သင့်သော ဥပဒေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ဖြစ်ထွန်းစေမည့် ဥပဒေကြမ်းများကို ရေးဆွဲပြုစုတင်ပြရမည်။

(ဂ) အထူးကိစ္စရပ်များ(နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ) ပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအပေါ် အကြောင်းအခြင်းအရာနှင့် ဥပဒေအမြင်နှိုင်းယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အစီရင်ခံတင်ပြရမည်။

(ဃ) ဥပဒေကြမ်းရေးဆွဲခြင်း၊ နည်းဥပဒေများ(မူကြမ်း) ရေးဆွဲခြင်းတို့အတွက် ပြည်ထောင်စု လွှတ်တော်ကိုဗဟိုပြု၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

(င) တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေများကို ပြည်သူများသိရှိလိုက်နာစေရန် အသိပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုတို့တွင် ပါဝင်ဆောင်ရွက်ရမည်။

(စ) အခါအားလျော်စွာ ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးသော ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

(ဆ) နာယကနှင့် လွှတ်တော်ဥက္ကဋ္ဌများက သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။

(ဇ) နာယကနှင့် လွှတ်တော်ဥက္ကဋ္ဌများက ကဏ္ဍအလိုက်သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ်များအတွက် ကော်မရှင်အတွင်း တာဝန်ခွဲဝေ သတ်မှတ်ဆောင်ရွက်ရမည်။

(ဈ) နာယကနှင့် လွှတ်တော်ဥက္ကဋ္ဌများက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ အကြံပြုချက်များပေးရမည်။

အပိုဒ်ခွဲ(ဃ)ပါ "ဥပဒေကြမ်းရေးဆွဲခြင်း၊ နည်းဥပဒေရေးဆွဲခြင်းတို့အတွက် **ပြည်ထောင်စုလွှတ်တော်ကိုဗဟိုပြု၍** သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်"ဟူသည့်တာဝန်ကို ဖတ်ရှုမိချိန်မှသာ အထူးကော်မရှင်အား ပြည်သူ့လွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်သို့ ပြောင်းလဲဖွဲ့စည်းတာဝန်ပေးခြင်းကို နားလည်ရသည်။ ယင်းသို့ တာဝန်ပေးချက်အရ ဥပဒေမူကြမ်းရေးဆွဲရာတွင် အထူးကော်မရှင်သည် ယင်းဥပဒေကို စီမံခန့်ခွဲမည့် ဌာန၊ အဖွဲ့အစည်း၊ ဆက်စပ်နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၊ သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ ပါဝင်ဆွေးနွေးရန်စိတ်ပါဝင်စားသူ ပြည်သူများတို့နှင့် ဆွေးနွေးညှိနှိုင်း ရေးဆွဲနေသည်ကိုတွေ့ရသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ဖြစ်ထွန်းစေမည့် ဥပဒေမူကြမ်းကောင်းတစ်ရပ် ရရှိအောင် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေသည်ကို သိရှိရသည်။

**လက်တွေ့ကျ မျှတ**

ထိုသို့ ညှိနှိုင်းဆွေးနွေးရာတွင် ယင်းဥပဒေကိုစီမံခန့်ခွဲမည့် ဌာန၊ အဖွဲ့အစည်းက စတင်ရှင်းလင်းကာ အစည်းအဝေးတက်ရောက်သူအားလုံးပါဝင်ဆွေးနွေးရန်ဖိတ်ခေါ်ပြီး အကြောင်းခြင်းရာနှင့် ဥပဒေကြောင်းအပေါ် ဆွေးနွေးအကြံပြုကြသည်။ ဆွေးနွေးချက်များအပေါ် အထူးကော်မရှင်က အပြုသဘောပြန်လည်ဆွေးနွေးခြင်း၊ ဥပဒေကြောင်းဆိုင်ရာ အားနည်းချက်ရှိလျှင် ပြင်ဆင်ရန် အကြံပြုခြင်းတို့ဖြင့် စီမံခန့်ခွဲမည့် ဌာန၊ အဖွဲ့အစည်းကို အဓိကထားကာ လက်တွေ့ကျမျှတပြီး ချွတ်ယွင်းအားနည်းချက် အနည်းဆုံးဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းအတည်ပြုကြသည်။ ထိုသို့ ပူးပေါင်းညှိနှိုင်းရေးဆွဲပြီး ရရှိသည့် ဥပဒေမူကြမ်း၊ နည်းဥပဒေမူကြမ်းများကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ တင်ပြသည်။ အထူးကော်မရှင်၏တာဝန်သည် ပူးပေါင်းညှိနှိုင်း ရေးဆွဲခြင်းသာဖြစ်ပြီး ဆက်လက်ဆွေးနွေးအတည်ပြုပြဋ္ဌာန်းခြင်းမှာ လွှတ်တော်၏ အဆုံးအဖြတ်ဖြစ်သည်။

အထူးကော်မရှင်သည် နေ့စဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီအစည်းအဝေးများသို့ ဖိတ်ကြားချက်အရ တက်ရောက်အကြံပြုခြင်း၊ လွှတ်တော်သို့ရောက်ရှိလာသည့် ဥပဒေကြမ်းအားလုံးအပေါ် သုံးသပ်အကြံပြုခြင်း၊ အထူးကိစ္စရပ်ဆိုင်ရာ အစည်းအဝေးများတွင်လည်း ဥပဒေမူကြမ်းရေးဆွဲရေးကဲ့သို့ပင် ဆွေးနွေးညှိနှိုင်းခြင်းတို့ ဆောင်ရွက်ကြောင်း တွေ့ရသည်။

အထူးကော်မရှင်သည် မူဝါဒချမှတ်ခြင်း၊ အဆုံးအဖြတ်ပြုခြင်းတို့ကို မပြုလုပ်နိုင်သကဲ့သို့ ပြည်ထောင်စုလွှတ်တော်ကလည်း ထိုသို့လုပ်ပိုင်ခွင့် ပေးအပ်ထားခြင်းမရှိပေ။ မူဝါဒချမှတ်ခြင်း၊ အဆုံးအဖြတ်ပြုခြင်းကို ဆောင်ရွက်နိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံသို့ အကြံပြုတင်ပြနေသည်ကိုသာတွေ့ရှိရသည်။ ချုပ်၍ဆိုရပါလျှင် စိတ်ဝင်စားမှုအရ အထူးကော်မရှင်အား လေ့လာရာတွင် အထူးကော်မရှင်သည် စေတနာ၊ အတွေ့အကြုံနှင့် အရည်အချင်းတို့ကိုအခြေခံကာ ပြည်ထောင်စုလွှတ်တော်၏အမိန့်ကြော်ငြာစာပါပေးအပ်သည့် တာဝန်များကို မူဘောင်အတွင်းက ဆောင်ရွက်လျက်ရှိသည်ဟု သုံးသပ်တွေ့ရှိရပြီး ဥပဒေပြုရေးလုပ်ငန်းစဉ်ကို ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရာမှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်မည့် ဥပဒေများ ပေါ်ထွက်လာရေးကို မျှော်လင့်မိပါကြောင်း။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

**လောင်းလုံး နိုဝင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ နိုဝင်ဘာ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး လူနာများအား ကြည့်ရှုအားပေး၍ လေးထပ်ဆောင် တိုးချဲ့ဆောက်လုပ်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ထို့နောက် (က)ရပ်ကွက် အင်းဖျားကန်ပန်းခြံနှင့် ကလေးကစားကွင်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ပညစ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ အသုံးလုံးစာသင်ဝိုင်းနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဒေသခံပြည်သူများအားတွေ့ဆုံပြီး ဒေသ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် လောင်းလုံးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဗထူးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး လောင်းလုံးမြို့ မြို့တော်ခန်းမနှင့် အာဇာနည်ကျောက်တိုင် ဆောက်လုပ်မည့်မြေနေရာကို သွားရောက်ကြည့် ရှုခဲ့သည်။ **(လောင်းလုံး ပြန်/ဆက်)**



မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး ဦးဆောင်မှုဖြင့် မူခင်းအသိပညာပေးလုပ်ငန်းများကို ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျိုက်မရောမြို့နယ် ဘုရားကုန်းကျေးရွာ လမ်းဆုံတွင် မူခင်းအသိပညာပေးယာဉ်ဖြင့် ဆောင်ရွက်ခဲ့သည်။

၁၃၈

## စာရင်းဇယားများ မှန်ကန်စေရေး ဖော်ဆောင်

**သံတွဲ နိုဝင်ဘာ ၂၀** - သံတွဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှကြည်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ခရိုင်၊ မြို့နယ် ကျေးလက်ဦးစီးဌာမှ ဝန်ထမ်းများသည် နိုဝင်ဘာလပထမပတ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဆင်ဒင်ကြီးကျေးရွာ မြစိမ်းရောင်စီမံကိန်းနှင့် ပဒဲကောကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများသို့ သွားရောက်ပြီး ငွေစာရင်းဇယားများ မှန်ကန်မှုရှိစေရေးနှင့် လုပ်ငန်းအကောင်အထည် ဖော် ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရဲလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထက်လွင်၏ ညွှန်ကြားမှုဖြင့်ဒက္ခိဏခရိုင်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှရီက ကြီးကြပ်ကာ ပြည်သူ့ဗဟိုပြု သောရဲလုပ်ငန်းစနစ် (Community Policing) ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ နိုဝင်ဘာလ ဒုတိယပတ်ကမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ဇေယျလင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ၁ ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၃၀ သို့ တစ်အိမ်တက်ဆင်းကွင်းဆင်း၍ ရဲတပ်ဖွဲ့၏ဆောင်ရွက်ချက်များကို ချပြရှင်းလင်းကာရပ်ကွက်အတွင်းထူးခြား ဖြစ်စဉ်များကို ရဲတပ်ဖွဲ့သို့ အချိန်မရွေးအကူအညီတောင်းခံနိုင်ကြောင်းနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# ခေတ်အဆက်ဆက် ဗုဒ္ဓဆင်းတုတော်များ

မောင်သာ(ရှေးဟောင်းသုတေသန)

ခရစ်တော်မပေါ်မီ ၅၈၉ ခုနှစ်၊ ဧပြီလ ၃၀ရက်နေ့(မဟာ သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့)တွင် မဇ္ဈိမဒေသ၌ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူခဲ့ပြီးနောက် ဗုဒ္ဓသာသနာတော်သည် ယုံကြည်ကိုးကွယ်ကြသူများစွာဖြင့် ယနေ့တိုင် ထွန်းလင်းလျက်ရှိနေပေသည်။ ဗုဒ္ဓသာသနာကို ကိုးကွယ်ကြရာတွင် ဗုဒ္ဓမရှိတော့သည့်နောက်ပိုင်း တတိယသင်္ဂါယနာတင်ချိန်(ဘီစီ ၂၀၀ ခုနှစ်)အထိ ရုပ်တုထုလုပ်ကိုးကွယ်ခဲ့သည့် အထောက်အထားများကို မတွေ့ရှိရသေးသဖြင့် ပညာရှင်များက ဗုဒ္ဓဆင်းတုများကို ခရစ်တော်ပေါ်ပြီး ၇၅ ခုနှစ်(အေဒီ ၁ ရာစု)ရောက်မှ ထုလုပ်ကိုးကွယ်ခဲ့ကြသည်ဟု ယူဆကြသည်။

အိန္ဒိယနိုင်ငံ၏ အစောဆုံးစေတီများဖြစ်ကြသည့် ဘာဟွတ်၊ ဆန်ချီနှင့် အမရဝတီ စေတီများတွင် ဗုဒ္ဓရုပ်ပွားတော်များမရှိဘဲ ဗုဒ္ဓသင်္ကေတ အမှတ်အသားများကိုသာ တွေ့ရှိရပေသည်။ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းများတွင် ဘုရားရှင်လက်ထက်ကပင် ဆင်းတုတော်များရှိခဲ့ကြောင်း ရေးသားခဲ့ကြသော်လည်း ရှေးဟောင်းသုတေသန အထောက်အထားများအရ ခရစ်တော်ပေါ်ပြီး တစ်ရာစုတွင်မှ ဗုဒ္ဓဆင်းတုတော်များကို စတင်ထုလုပ်ခဲ့ကြကြောင်း တွေ့ရှိရသည်။ အေဒီ တစ်ရာစုတွင် ဂရိဘုရင် အလက်ဇန္ဒားသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂန္ဓာရတိုင်းကို သိမ်းပိုက်ခဲ့ပြီးနောက် ဂရိဗုဒ္ဓဘာသာ အနုပညာတစ်ရပ် ထွန်းကားလာခဲ့သည်။ ထိုအချိန်တွင် ဂန္ဓာရကျောက်ဆစ်ပညာရှင်များသည် ဗုဒ္ဓရုပ်ပွားတော်များကို ဂရိနှင့် ရောမဟန်များကိုမှီး၍ ထုလုပ်ခဲ့ကြသည်။



သရေခေတ္တရာမှရရှိခဲ့သည့် ပျူခေတ်နှောင်း သဲကျောက်ရုပ်ပွားတော်

**အိန္ဒိယ ဗုဒ္ဓရုပ်ပွားတော်များ**

ဗုဒ္ဓပွင့်ထွန်းခဲ့သည့် အိန္ဒိယနိုင်ငံသည် ဗုဒ္ဓယဉ်ကျေးမှု အခြေတည်ခဲ့သည့်နေရာလည်းဖြစ်ပေသည်။ အိန္ဒိယတိုက်ကို အန္ဓရမင်းဆက် စိုးစံခဲ့သည့် အန္ဓရခေတ်(ခရစ်တော်မပေါ်မီ ၇၂ ခုနှစ်မှ ၂၅ ခုနှစ်)တွင် ရုပ်ပွားဆင်းတု ထုလုပ်ကိုးကွယ်မှု မရှိခဲ့ချေ။ သို့သော် မထုရခေတ်(ခရစ်နှစ် ၄၀ ခုနှစ်မှ ၃၂၀ ခုနှစ်)တွင် အိန္ဒိယနိုင်ငံ ယမုံနာမြစ်ကမ်းပါးရှိ မထုရာဒေသတွင် ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်ခဲ့ကြသည်။ ယင်းရုပ်တုများသည် ဗုဒ္ဓသက်တော် ၄၀ နှစ်အရွယ် ပုံဟန်များကို ဦးစားပေးထုလုပ်သည့် ဆင်းတုများ ဖြစ်ကြသည်။

ယင်းအချိန်မှစ၍ အိန္ဒိယနိုင်ငံတွင် ခေတ်အလိုက် ဗုဒ္ဓဆင်းတုများကို ထုလုပ်ခဲ့ကြသည်။ အေဒီ ၂ ရာစု အမရဝတီခေတ်တွင် ထုလုပ်ခဲ့သည့် ဗုဒ္ဓဆင်းတုများသည် မြန်မာနိုင်ငံ ပျူခေတ် ဗုဒ္ဓဆင်းတုလက်ရာများနှင့် တူညီနေသဖြင့် ဗုဒ္ဓယဉ်ကျေးမှုသည် အမရဝတီမြို့မှတစ်ဆင့် သရေခေတ္တရာသို့ ရေလမ်းခရီးမှ ရောက်ရှိလာသည်ဆိုသည့် ယူဆချက်များ ရှိခဲ့သည်။ ယင်းအချိန်တွင် ပျူခေတ်ယဉ်ကျေးမှုသည် အမရဝတီခေတ်ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေခဲ့သည်။

ခရစ်တော်ပေါ်ပြီး ၂ ရာစုမှ ၅ ရာစုအတွင်း ဂန္ဓာရခေတ်တွင် ဂန္ဓာရတိုင်း၌ ဗုဒ္ဓကျောက်ဆင်းတု ထုလုပ်မှုများ ထွန်းကားခဲ့ကြောင်း ယူဆကြသည်။ ဂန္ဓာရခေတ် ဆင်းတုတော်များသည် ဂရိလူမျိုးများ၏ ယဉ်ကျေးမှုလက်ရာများ ပါဝင်နေကြကာ လက်ရာအမြောက်ဆုံးရုပ်တုများဖြစ်ကြပြီး ဆင်းတုတော်များတွင် လှိုင်းတွန့်နေသည့် ဆံတော်များနှင့် တွန့်ခေါက်နေသည့် သင်္ကန်းတော်များကို မြင်တွေ့ကြရသည်။

ဂုပ္ပတခေတ် (ခရစ်နှစ် ၃၁၉ ခုနှစ်မှ ၅၅၁ ခုနှစ်)တွင် ဗုဒ္ဓဆင်းတုတော်များကို သဲကျောက်များ၊ ကြေးဝါများဖြင့် ထုလုပ်ခဲ့ကြပြီး ဆံတော်ကို လက်ယာရစ်၍ အခွေတန်းများအဖြစ် ပုံဖော်ခဲ့ကြသည်။ ဂုပ္ပတခေတ်တွင် ထိုင်တော်မူဆင်းတုတော်များသာမက ရပ်တော်မူဆင်းတုများကိုလည်း ထုလုပ်ခဲ့ကြပြီး လက်ရာများသည် အမရဝတီခေတ် ရုပ်တုများထက် ပိုမိုပီပြင်လာခဲ့သည်။

ပါလခေတ်(ခရစ်နှစ် ၇၅၀ ခုနှစ်မှ ၁၁၇၄ ခုနှစ်)တွင် ဗုဒ္ဓရုပ်ပွားများအပြင် ဗုဒ္ဓဝင်ရှစ်ခန်း၊ ကိုးခန်းတို့ကိုပါ ထုလုပ်ခဲ့ကြရာ ပုဂံခေတ်လက်ရာ ဆင်းတုအချို့သည် ပါလခေတ်လက်ရာများနှင့် တူညီနေသည်။ ယင်းဆင်းတုများကို အနက်ရောင် မီးသင့်ကျောက်များအား ချောမွတ်စေရန် အရောင်တင်ထုလုပ်ခဲ့ကြသည်။ ပါလခေတ်တွင် ကျောက်ဆစ်လက်ရာ၊ ကြေးသွန်းလက်ရာနှင့် မြေမီးဖုတ် အုတ်ခွက်လက်ရာများကို အနုစိတ်ထုလုပ်ခဲ့ကြသည်။

**မြန်မာနိုင်ငံ ဗုဒ္ဓဆင်းတုတော်ဟန်များ**

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ရှေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်ဆံမှုများ ရှိခဲ့သဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်မှုသည် ပျူခေတ်ကပင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ပျူမြို့ဟောင်း ဗိဿနိုးမှ ညဏ်တော် ငါးစင်တီမီတာရှိသည့် ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ၁၉၉၆ ခုနှစ်တွင်လည်းကောင်း၊ ညဏ်တော် ၁၄ စင်တီမီတာရှိသည့် ဆင်းတုတော်ကို ၂၀၀၃ ခုနှစ်ကလည်းကောင်း တူးဖော်ရရှိခဲ့သည်။

ထို့အတူ ၁၉၂၈ ခုနှစ်တွင် ပျူမြို့ဟောင်း သရေခေတ္တရာမှ မဏိတော်ကျိုးနေသည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ပလ္လင်နှင့်တကွ တူးဖော်ရရှိခဲ့သည်။ ယင်းနှစ်မှာပင် သရေခေတ္တရာ ပျိုးခင်းကြီးကုန်းမှ အုတ်ခွက်ဆင်းတုများကို ရရှိခဲ့သည်။ ဟန်လင်းမြို့ဟောင်း ကျောက်ဘီလူးထန်းတောမှလည်း ဗောဓိသတ္တဘုရားလောင်းဟု ယူဆရသည့်ရုပ်တု ပါရှိသည့် ကျောက်ရုပ်ကြွတစ်ချပ်ကို ၁၉၂၉-၁၉၃၀ ခုနှစ်တွင် ရရှိခဲ့သည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုထွန်းကားမှု ဖြစ်စဉ်အရ ဗုဒ္ဓဆင်းတုတော်များကို ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ် လက်ရာများဟု ပိုင်းခြားနိုင်ကြသည်။ ထို့အတူ ရခိုင်ယဉ်ကျေးမှုထွန်းကားခဲ့သည့် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ် လက်ရာ ဗုဒ္ဓဆင်းတုတော်များကိုလည်း လေ့လာနိုင်ကြပေသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓရုပ်ပွားတော်များကို ကျောက်၊ ကြေး၊ သံ၊ ပဉ္စလောဟာ၊ သစ်၊ ယွန်း၊ မံဘုရားများအဖြစ် ခေတ်အဆက်ဆက် ထုလုပ်ခဲ့ကြသည်။

ဗုဒ္ဓဆင်းတုတော်များတွင် ဦးခေါင်း၊ မျက်နှာ၊ ကိုယ်လုံး၊ လက်၊ ခြေ၊ ပလ္လင်တို့သည် ခေတ်အလိုက်ပြောင်းလဲသွားသဖြင့် ဆင်းတုတော်များကို ထုလုပ်ခဲ့သည့် ကာလအလိုက် ခေတ်ပိုင်းခြားနိုင်ခဲ့ကြသည်။ ဗုဒ္ဓဆင်းတုတော်များ၏ ဦးခေါင်းပိုင်းကိုလေ့လာရာတွင် ဦးခေါင်းတော်ထိပ်ရှိ ဥဏှိသ (သို့မဟုတ်) မုန်ကင်းနှင့် ဆံပင်ပုံစံဖြစ်သည့် မဏိတော်ကိုကြည့်၍ ခေတ်ကိုခွဲခြားနိုင်ကြသည်။ မျက်နှာတော်တွင် မျက်နှာဟန်၊ မျက်လုံးတော်၊ နှုတ်ခမ်းတော်နှင့် နားရွက်တော်တို့သည် တစ်ခေတ်နှင့်တစ်ခေတ် လက်ရာကွဲပြားကြသည်။ ကိုယ်လုံးတော်တွင်လည်း ခန္ဓာကိုယ်အနေအထားနှင့် သင်္ကန်းတော်တို့သည် ရုပ်ပွားတော်တစ်ဆူနှင့်တစ်ဆူ မတူညီကြချေ။

ဗုဒ္ဓဘုရားရှင်၏ ထင်ရှားသော လက်ဟန်(မုဒြာ) ၄၅ မျိုးရှိသည့်အနက် ဗုဒ္ဓဆင်းတုတော်များတွင် ဘူမိဖဿမုဒြာ (လက်တော်မြေထိဟန်)၊ ဓမ္မစက္ကမုဒြာ(လက်နှစ်ဖက် စက်လှည့်ဟန်)၊ အဘယမုဒြာ(လက်ချောင်းကိုအပေါ်ထောင်၍ လက်ဖဝါးကိုအပြင်သို့ဖြန့်ထားဟန်)၊ ဝိတက္ကမုဒြာ(လက်ညှိုးလက်မထိထားဟန်)၊ ဝရဒမုဒြာ(လက်ချောင်းကိုအောက်သို့စိုက်၍ လက်ဖဝါးကို အပြင်သို့ဖြန့်ထားဟန်) စသည်တို့ကို အများဆုံး မြင်တွေ့ကြရသော်လည်း ဟန်အနည်းစီ ကွာခြားကြပေသည်။

ခြေတော်ဟန်တွင် ထိုင်တော်မူဟန်၊ ရပ်တော်မူဟန်နှင့် လှမ်းတော်မူဟန်များရှိရာ ပလ္လင်ကာသန(ခြေနှစ်ဖက်ကို အထက်အောက် ထပ်ထားဟန်)၊ ဘဒြာသန(ခြေနှစ်ဖက် ချိတ်ထားဟန်)၊လာလိတာသန(ခြေတစ်ချောင်းတွဲလဲ ချထားဟန်)နှင့် ပလမ္ဗပါဒါသန(ခြေနှစ်ချောင်းတွဲလဲချဟန်)တို့ကို မြင်တွေ့နိုင်ကြသည်။ ရပ်တော်မူ ဆင်းတုများတွင် ခြေစုံရပ်သည့်ဟန်(ဗျာဒိတ်ပုံ)နှင့် ခြေတစ်ဖက်လှမ်းနေသည့်ဟန် (ဒေသစာရီပုံ) တို့ကို ထုလုပ်ခဲ့ကြသည်။

ဆင်းတုတော်များသီတင်းသုံးသည့် ပလ္လင်တော်လက်ရာများကိုလည်း ကြာပလ္လင်၊ ခြင်္သေ့ပလ္လင်၊ မိုးကြိုးသွားပလ္လင် စသည်ဖြင့် ပိုင်းခြားနိုင်ကြသည်။

**ပျူခေတ်နှင့် ပုဂံခေတ်လက်ရာ ဆင်းတုများ**

ခရစ်တော်ပေါ်ပြီး တစ်ရာစုမှ ကိုးရာစုအထိ ထွန်းကားခဲ့သည်ဟု လက်ခံထားကြသည့် ပျူခေတ်တွင် ဗုဒ္ဓဆင်းတုတော်များကို သဲကျောက်ဖြင့် အများဆုံးထုလုပ်ပြီး ဘူမိဖဿ၊ ဈာန၊ အဘယ၊ ဝရဒနှင့် ဓမ္မစက္က မုဒြာများကို အများဆုံးတွေ့ကြရသည်။ ခြေတော်များမှာ ဘယ်ဘက်ခြေပေါ်သို့ ယာဘက်ခြေကို တင်ထားသည့်ဟန်ကို ထုလုပ်ကြကာ ဘယ်ခြေက အပြင်သို့ အနည်းငယ် ထွက်နေပြီး ခြေမျက်စိကို ထည့်သွင်းထုလုပ်ကြသည်။

ပျူဆင်းတုတော်များတွင် မုန်ကင်းမပါရှိဘဲ ဦးခေါင်းတော်အလယ်တွင် သေးငယ်သော မဏိတော် အနိမ့်ပါရှိသည်။ ဆံတော်များသည် ခရုပတ်ပုံသဏ္ဌာန်ရှိကာ သင်းကျစ်တော်နှင့် ဥဏ္ဏာလုံမွေးရှင်တော် မပါရှိချေ။ ဥဏ္ဏာလုံသည် ဘုရားရှင်၏ မျက်မှောင်နှစ်ဖက်ကြားတွင်ရှိပြီး လက်ယာရစ်ခွေကာ အဖျားသို့ကော့တက်နေသည့် အမွေးဖြစ်သည်။

နားပေါက်ကျယ်သော နားရွက်တော်သည် အထက်ပိုင်းတွင် အနည်းငယ်ကားနေပြီး ပခုံးသို့ ထိနေခြင်းမရှိချေ။ မျက်နှာတော်သည် လုံးဝန်းလျက် ဝိုင်းသောမေးရှိသည်။ အချို့ရုပ်ပွားများတွင် မေးစေ့အနည်းငယ်ချွန်ကာ အောက်နှုတ်ခမ်းက အနည်းငယ်ထူသည်။ မျက်လုံးသည် ရှေ့သို့ကြည့်နေဟန်ရှိသကဲ့သို့ မျက်လွှာချထားဟန်လည်း ရှိသည်။ ကိုယ်လုံးတော်က ရင်ဘတ်မှ ခါးအထိ တစ်ဖြောင့်တည်းဖြစ်ကာ ရင်ဘတ်တော် ဖြိုးမောက်ခြင်းမရှိပါချေ။ သင်္ကန်းတော်က ပါးလွှာ၍ သင်္ကန်းအနားများသည် ပါသည်ဆိုရုံမျှသာဖြစ်သော်လည်း သင်းပိုင်ကို ထင်ရှားစွာ ထုလုပ်ထားသည်။ ပလ္လင်များသည် သာမန်သာဖြစ်ပြီး အချို့ပလ္လင်များတွင် ကြာမှောက်ကြာလန် အနည်းငယ်ပါရှိသည်။

ပုဂံခေတ်(ခရစ်နှစ် ၁၀၄၄-၁၃၆၈)လက်ရာ ဆင်းတုတော်များတွင် ကြာရွက်ပုံ၊ ညောင်ရွက်ပုံ မုန်ကင်းပါရှိကာ အချို့ဆင်းတုတော်များတွင် မုန်ကင်း၏အလယ်၌ ကျောက်မျက်ရတနာများ ထည့်သွင်းထားသည်။ ရွှဲလုံးများတန်းထားသည့် အနည်းငယ်မြင့်သောမဏိတော်သည် သေးသွယ်၍ နဖူးထိပ်မှ ဆံတော်တန်းသည် သင်းကျစ်တော်ပုံသဏ္ဌာန်ဖြစ်နေသည်။

ပုဂံဆင်းတုများတွင် ဥဏ္ဏာလုံမွေးရှင်တော်ကို ထည့်သွင်းထုလုပ်ခဲ့ကြပြီး နားရွက်တော်သည် မျက်ခုံးထိပ်မှ မေးစေ့အထိသာရှိပြီး ပခုံးသို့ ထိမနေချေ။နားရွက်သည် ရှေ့သို့ အနည်းငယ်ငိုက်၍ နားပေါက်သည် ပျူခေတ်ဆင်းတုများထက်ကျဉ်းသည်။ မျက်လုံးတော်သည် အပေါ်သို့ ခုံးတက်နေပြီး မျက်လွှာချထားသည့် ပုံဖြစ်သည်။

ဆင်းတုတော်များတွင် အပေါ်နှုတ်ခမ်းသည် ပါး၍ အလျားရှည်ကာ လည်ပင်းရစ်သုံးရစ်ကိုလည်း ထည့်သွင်းထုလုပ်ခဲ့ကြသည်။ ကိုယ်လုံးတော်သည် ရင်အုပ်ကား၍ ခါးအနည်းငယ်သိမ်ကာ အချိုးအစားကျသည်။လက်ချောင်း ခြေချောင်းတော်များသည် သဘာဝအတိုင်းရှိနေပြီး အတိုအရှည် မတူညီကြချေ။ သင်္ကန်းကို ပါးလွှာသည့်ပုံ ထုလုပ်ထားပြီး ချက်တော်ကို ထည့်သွင်း ထုလုပ် ထားသည်။ ပုဂံခေတ် ဆင်းတုတော်များတွင် မုဒြာ ၁၄ မျိုး တွေ့ရှိရသည့်အနက် ဘူမိဖဿ၊ဓမ္မစက္ကနှင့်ဈာန မုဒြာတို့ကို အများဆုံး ထုလုပ်သည်။ ခြေတော်ဟန်သည် တင်ပလ္လင် ခွေပုံဖြစ်ပြီး ခြေဖဝါးနှစ်ဖက်လုံးကို လှန်ထားပြီး ပုဂံခေတ်အစောပိုင်း ဆင်းတုများ၏ ခြေဖဝါးတွင်စက်လက္ခဏာများပါရှိသည်။ ပလ္လင်များကို ကြာမှောက်ကြာလန် နှစ်ထပ်ပြုလုပ်ထားပေသည်။

**ပင်းယ၊ ညောင်ရမ်းအင်းဝ၊ ကုန်းဘောင်၊ ရတနာပုံ**

ပင်းယခေတ်(ခရစ်နှစ် ၁၃၁၉-၁၃၆၅)ဗုဒ္ဓဆင်းတုလက်ရာများသည် ပုဂံခေတ်နှောင်းပိုင်း ၁၃ ရာစုလက်ရာများအတိုင်းဖြစ်သည်။ ပင်းယခေတ်တွင် ဆင်းတုတော်များကို အုတ်၊ အင်္ဂတေများဖြင့်ပြုလုပ်ပြီး မျက်နှာတော်များသည် ရှမ်း၊ ယွန်းတို့နှင့် တူညီကာ ပြား၍ ဝိုင်းလာသည်။ မျက်လုံးတော် အနည်းငယ်မှေးပြီး မေးရိုးသွယ်လျသည်။

အင်းဝခေတ်လက်ရာများသည် ပုဂံခေတ်နှောင်းပိုင်းလက်ရာများနှင့် ခြားနားမှု နည်းပါးသဖြင့် ဆင်းတုတော်များထုလုပ်သည့် ခေတ်ခွဲခြားရာတွင် ရောထွေးသွားနိုင်သည်။သို့သော် အင်းဝခေတ် ဆင်းတုများတွင်မုန်ကင်းသည် အနည်းငယ်မြင့်ကာ ထောင့်များပါရှိသည်။ မဏိတော်သည် ပုဂံခေတ်လက်ရာများထက်ပိုမိုကြီးမား၍ ဆံပင်ရွဲတန်းသေးငယ်သည်။ ငယ်သော သင်းကျစ်တော် အတန်းတစ်တန်းပါရှိကာ ဥဏ္ဏာလုံမွေးရှင်တော်ကို ဆေးဖြင့် ရေးခြယ်သည်။ကိုယ်လုံးတော် အချိုးကျနမှုတွင် ပုဂံခေတ်လက်ရာကို မမီချေ။ အင်းဝခေတ် (ခရစ်နှစ် ၁၃၆၄-၁၅၅၁) ဗုဒ္ဓဆင်းတုတော်များ၏လက်ရာ ထူးခြားချက်မှာ လက်မမှလွဲ၍ ကျန်လက်ချောင်းများသည် အတို အရှည်ညီနေကာ လက်ဖမိုးနှင့် လက်ချောင်းများသည် အရှည်တူညီနေကြခြင်းဖြစ်သည်။

ညောင်ရမ်းခေတ်(ခရစ်နှစ် ၁၆၀၀-၁၇၅၂)တွင် ဗုဒ္ဓဆင်းတုလက်ရာများသည် ပုဂံခေတ်နှင့် အင်းဝခေတ်လက်ရာများမှ ကွဲလွဲလာခဲ့သည်။ မျက်နှာတော် ဝိုင်း၍ မျက်ခုံးနှင့်မျက်လုံး ဝေးကွာခြင်းသည် ညောင်ရမ်းခေတ် ဆင်းတုတော်များ၏ ဟန်ဖြစ်သည်။ မုန်ကင်းသည်ကြာဖူးပုံရှိပြီး မုန်ကင်းနှင့် မဏိတော်သည် အမြင့်တူညီကာ နဖူးကျယ်လာသည်။ သင်းကျစ်တော်နှင့် ဥဏ္ဏာလုံသည် အင်းဝခေတ်လက်ရာနှင့် တူညီသော်လည်း နားရွက်သည် ပခုံးသို့ ထိနေသည်။

အင်းဝခေတ်တွင် ဗုဒ္ဓဆင်းတုတော်များကို စကျင်ကျောက်ဖြင့် စတင်ထုလုပ်ခဲ့ကြပြီး ကြေးဝါ၊ သစ်၊ အင်္ဂတေရုပ်ထုများကိုလည်း ထုလုပ်ခဲ့သည်။ ရွှေချ မံရုပ်ပွားများကိုလည်း အင်းဝခေတ်ရောက်မှ ထုလုပ်ခဲ့သည်။အင်းဝနှင့် ညောင်ရမ်းခေတ်လက်ရာကို မုန်ကင်း၏ ထူးခြားချက်ဖြင့် ခွဲခြားနိုင်သည်။

ကုန်းဘောင်ခေတ်ဦးသည် ညောင်ရမ်းခေတ် ယဉ်ကျေးမှုနှင့်ဆက်နွှယ်နေခဲ့သဖြင့် ဆင်းတုတော်ဟန်များတူညီနေကြသည်။ အမရပူရခေတ် (ခရစ်နှစ၁၇၈၃-၁၈၅၃)သို့ ရောက်ရှိလာသောအခါတွင် ဗုဒ္ဓဆင်းတုတော်များတွင် ရှည်လျားသော မုန်ကင်းကို ပွတ်လုံးထိုးထားသည့် သစ်သားအခုံးအခွက်များဖြင့် အလှဆင်လာကာ မဏိတော်တွင် ပိန္နဲဆူးများပါရှိလာသည်။ နဖူးသင်းကျစ်တော်ကို ထင်ရှားစွာ ထုလုပ်လာကြပြီး ကြာဖတ်များ၊ ပန်းပွင့်များဖြင့် တန်ဆာဆင်ခဲ့ကြသည်။



အိန္ဒိယနိုင်ငံမှ အေဒီ ၁ ရာစုလက်ရာ ဗုဒ္ဓဆင်းတုတော်

ရတနာပုံခေတ်(ခရစ်နှစ် ၁၈၅၃-၁၈၈၅) ဆင်းတုတော်များတွင် မုန်ကင်းကို ထည့်သွင်း ထုလုပ်ခြင်းမရှိဘဲ မဏိတော်နှင့် သင်းကျစ်တော် ပိုမိုကြီးမားလာသည်။သင်းကျစ်တော်တွင် ပန်းနွယ်ပန်းခက်များ ထည့်သွင်းထုလုပ်ပြီး ဥဏ္ဏာလုံမွေးရှင်တော်ကို ဆေးဖြင့် ထည့်သွင်းသည်။ နားရွက်တော်သည် ပခုံးသို့ ထိနေကာ ကိုယ်လုံးက တစ်ဖြောင့်တည်း ဖြစ်သည်။

ဤသို့ဖြင့် ခေတ်အဆက်ဆက် လက်ရာများပြောင်းလဲလာသည့် ဗုဒ္ဓဆင်းတုတော်များကို မြန်မာနိုင်ငံအတွင်း တွေ့ရှိနိုင်ကြပေသည်။ သို့သော်ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးဟောင်းလက်ရာပစ္စည်းများကို တန်ဖိုးထား စုဆောင်းသူများ များပြားလာချိန်မှစ၍ မြန်မာနိုင်ငံမှ ရှေးဟောင်းပစ္စည်းများသည် ပြည်ပနိုင်ငံများသို့ နည်းအမျိုးမျိုးဖြင့် ရောက်ရှိခဲ့ကြရာ မြန်မာနိုင်ငံ နေရာဒေသ အသီးသီးရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များလည်း ပါဝင်ခဲ့ပေသည်။သို့တိုင်အောင် အလွန်များပြားသည့် ရုပ်ပွားဆင်းတုတော်များသည် နိုင်ငံအတွင်း ကျန်ရှိနေပေရာ ယင်းတို့ကို ဗုဒ္ဓယဉ်ကျေးမှု အနုပညာဆိုင်ရာ ရှေးဟောင်းပစ္စည်းများအဖြစ် ထိန်းသိမ်းကြရန် လိုအပ်လျက်ရှိနေပေသည်။

မြန်မာနိုင်ငံအတွင်း ခေတ်အဆက်ဆက် ထုလုပ်ခဲ့သည့် ရုပ်ပွားတော်များသည် လက်ရာများ ကွဲပြားကြသဖြင့် ရုပ်ပွားတော်များ၏ ဟန်ကိုကြည့်ကာ ထုလုပ်ခဲ့သည့် ခေတ်ကာလကို ခန့်မှန်းကြရသည်။ ထို့ကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အကောက်ခွန်ဦးစီးဌာနနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ဗုဒ္ဓဆင်းတု ရုပ်တုများ ခေတ်ပိုင်းခြားခြင်း သင်တန်းကိုဖွင့်လှစ်ပို့ချခဲ့ရာ ရှေးဟောင်းဆင်းဆုတော်များ ပြည်ပသို့ မရောက်ရှိ စေရေးအတွက် အထောက်အကူဖြစ်စေခဲ့သည်။

ခေတ်အဆက်ဆက် ဗုဒ္ဓဆင်းတုတော်များ၏ဟန်ကို သိရှိခြင်းကြောင့် မြန်မာတို့၏ ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ဗုဒ္ဓဆင်းတုတော်များအပေါ် မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းကြကာ ဗုဒ္ဓသာသနာကို ပိုကြည်ညိုနိုင်ကြမည်ဟု ယူဆမိပါသည်။ ။

**ကိုးကား**

(၁) ခေတ်သမိုင်းအခြေပြု ဗုဒ္ဓဆင်းတုတော်များ (သန်းထွန်း၊မော်လမြိုင်)
(၂) ဆင်းတုရုပ်တု ခေတ်ပိုင်းခြားခြင်းစာတမ်း (စိန်ဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)
(၃) မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံပညာ မုဒြာများ(စဝ်ထွန်းမှတ်ဝင်း)
(၄) အုတ်ခွက် ရုပ်ပွားဆင်းတုတော်များအကြောင်း(ဦးမြ)

# လူတို့အတွက် မရှိမဖြစ်သော ရေကိုစနစ်တကျ ချွေတာသုံးစွဲကြပါစို့



"ရွှေကိုမလို ရေကိုသာလိုသည်"ဟု အထက်မြန်မာပြည် အပူပိုင်းဒေသများနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရန် ခက်ခဲသော ဒေသများတွင် နေထိုင်ကြသည့် ပြည်သူတို့၏ ပြောဆိုသံကို ကြားဖူးသည်။ ရွှေထက် ရေက လူသားတို့အတွက် ပို၍ အရေးကြီး ကိစ္စဖြစ်ကြောင်း သက်သေပြနေသည်။ ယင်းနှင့် ဆန့်ကျင်ဘက်တစ်ခုကမူ "ရေလျှံပါပြီဗျို့"၊ "ရေမပိတ်သေးဘူးလား"စသည်ဖြင့် မိသားစုအသွင်သဏ္ဌာန်ဖြင့် သတိပေးအော်ဟစ်သံများကို စာရေးသူတို့ နေထိုင်သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း အိမ်ရာများတွင် နေ့စဉ်လိုလို ကြားနေရခြင်းဖြစ်သည်။

စာရေးသူတို့နေထိုင်သည့် ဇမ္ဗူသီရိမြို့နယ်သည် တိုက်အလုံးပေါင်း(ခန့်မှန်း)၁၀၀၀ ကျော်ခန့်ရှိပြီး ၃၂ ဒသမ ၂၈ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ စာရေးသူတို့ မိသားစုသည်လည်း ၂၀၀၈ ခုနှစ် မတ်လတွင် အဆိုပါတိုက်ခန်းများ၌ နေထိုင်ခွင့်ရခဲ့ပြီး ယခုဆိုလျှင် ၁၀ နှစ်နီးပါး ရှိခဲ့ပြီဖြစ်သည်။ တိုက်များတွင် မိမိတိုက်ခန်းအတွင်းရှိ ရေတင်မော်တာ မီးခလုတ်ကို တင်လိုက်ရုံဖြင့် မြေအောက်ရေလှောင်ကန်ထဲမှရေကို တိုက်၏ အပေါ်ဆုံး ကွန်ကရစ်ခေါင်မိုးပေါ်ရှိ ပလတ်စတစ်ရေတိုင်ကီထဲသို့ ရောက်ရှိစေပါသည်။ ထိုတိုင်ကီ ရေပြည့်ပြီဆိုလျှင် ရေလျှံပိုက်မှ အောက်သို့ ရေကျကာ ရေလျှံပြီဆိုသည့် သင်္ကေတစနစ် တစ်ခုဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ သည်အခါမှာ အထက်ကတင်ပြခဲ့သည့် အော်ဟစ်သတိပေးသံမျိုးကို ကြားရပါတော့သည်။ ရေတင်-ရေလျှံသည့် သင်္ကေတစနစ်မှာလည်း ၁၀ နှစ်နီးပါး ရှိခဲ့ပြီဖြစ်သည်။

အချို့သော အိမ်ရှင်မများနှင့် မိသားစုဝင်များမှာ ရေတင်ပြီး အိမ်တွင်းဗာဟီရကိစ္စများ ဆောင်ရွက်ရင်း မေ့လျော့စွာ ဖွင့်ထားမိခြင်းတို့ကြောင့် သန့်ရှင်းသော ရေကောင်းရေသန့်များ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့နေရသည်။ ယခုအခါ ယင်းကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ၊ လက်ရှိ ရေတင်-ရေလျှံသည့်စနစ် အားနည်းချက်ကြောင့်ဖြစ်စေ ကွန်ကရစ်ခေါင်မိုးပေါ်မှ ရေတိုင်ကီများ ရေပြည့်ရေလျှံလာသည့်အခါ အောက်သို့ကျလာသည့်ရေကို ကျောက်စည်ပိုင်းများဖြင့် အောက်တွင်ခံယူပြီး ရေ Level (လယ်ဗယ်)စနစ်ဖြင့် မြေအောက်ရေသိုလှောင်ကန်ထဲသို့ ပြန်လည်ပေးပို့သည့် ရေစီမံခန့်ခွဲမှု စနစ်တစ်ခုဖြင့် တီထွင်ကြံဆထားမှုကို တိုက်တစ်လုံးတွင် တွေ့မြင်ရပါသည်။ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၅၃၅၅)တွင် ထိုစနစ်ကို ပြုလုပ်ထားခြင်းဖြစ်သည်။

"အရင်က တိုက်မှာ ရေလျှံပြီဆိုရင် အော်ပြီး သတိပေးရတယ်၊ အခုဆိုရင် သတိပေးစရာ မလိုတော့ဘူး၊ မြေအောက်ရေသိုလှောင်ကန်ထဲ ပြန်ရောက်တဲ့စနစ်ကို တီထွင်ကြည့်တာ အောင်မြင်ပါတယ်၊ အရင်ကဆိုရင် အခန်းတစ်ခန်းကို တစ်နေ့ရေ ၁၀ ဂါလန်ကနေ ၁၅ ဂါလန်အထိ ဆုံးရှုံးမှုရှိပြီး တိုက်တစ်တိုက်ကို ရေဂါလန် ၃၀၀ ခန့် လေလွင့်ဆုံးရှုံးမှုရှိခဲ့တယ်၊ အလားတူ စနစ်တစ်ခုကို ထပ်ပြောမယ်ဆိုရင် အပေါ်က ရေလျှံပိုက်ကို ပိုက်တစ်ခုနဲ့ ထပ်ဆက်ပြီး ကိုယ့်အခန်းထဲကို ပြန်ထည့်ထားရင်လည်း လျှံလာတဲ့ရေဟာ ကိုယ့်အခန်းထဲပဲ ပြန်ရောက်မယ်၊ ရေလျှံတာကိုလည်း အလွယ်တကူ သိနိုင်မယ်၊ ဒါပေမယ့် အောက်ထပ် အခန်းတွေအနေနဲ့ကတော့ ပိုက်ရှည်ရှည်ဝယ်ဆက်ရမယ်၊ ရေကို အကျိုးရှိစွာ ပြန်လည်အသုံးချတဲ့နည်းပါပဲ" ဟု အဆိုပါ တိုက်အမှတ်(၅၃၅၅)တွင် နေသူ ကိုသန့်ဇင်က ရှင်းပြသည်။

ယင်းကဲ့သို့ ရေကို အကျိုးရှိစွာ ပြန်လည် အသုံးချရန် စီမံခန့်ခွဲသည့် စနစ်တစ်ခု တီထွင် တပ်ဆင်ရာတွင် ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။ ယခုကဲ့သို့ သန့်ရှင်းသောရေကို လေလွင့်ဆုံးရှုံးမှု မရှိစေရန် တီထွင်ဆောင်ရွက်ခြင်းကြောင့် တိုက်ခန်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရတ်တရက် ရေမော်တာပျက်သည့်အခါတွင် ရေချိုးခြင်း၊ အဝတ်လျှော်ဖွတ်ခြင်းများ ပြုလုပ်နိုင်ပြီး မီးဘေးအန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကာ အကြောင်းအမျိုးမျိုးကြောင့် ရေပို့လွှတ်မှု အခက်အခဲဖြစ်ပေါ်ခဲ့လျှင် သိုလှောင်ထားသည့်ရေကို ယာယီအားဖြင့် သုံးစွဲနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ယခုအခါ စာရေးသူတို့နိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် မြန်ဆန်စွာ ပြောင်းလဲလာသော ရာသီဥတု သဘောသဘာဝတို့ကြောင့် ရေလုံလောက်စွာ ရရှိရန် ချိန်ဆတွက်ချက်ပြီး ရေသိုလှောင်မှု ပြုရာတွင် အခက်အခဲများ ရှိလာသောကြောင့် ပြည်သူများ ရေကို အကျိုးရှိရှိ အသုံးပြုကြအောင် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက စီမံခန့်ခွဲနေကြရပေသည်။

၂၀၁၇ မတ်လက စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများတွေ့ဆုံသည့် ပညာပေးဆွေးနွေးပွဲ တစ်ခုတွင် စိုက်ပျိုးရေးပညာရှင်ကြီးတစ်ဦးက "မိမိတို့နိုင်ငံရဲ့ ရေမြေသဘာဝတွေဟာ ယခုလက်ရှိ အချိန်မှာ သဘာဝအတိုင်းပဲ ရှိနေသေးတယ်၊ ထိခိုက်ပျက်စီးမှုမရှိသေးဘူး၊ ဒါကိုမေ့မေ့လျော့လျော့နဲ့ လုပ်ကိုင်သွားနေလို့ မရဘူး၊ စနစ်တကျနဲ့ လုပ်ကိုင်ဆောင်ရွက်တတ်မှ ဒီရေမြေသဘာဝတွေကို ဆက်လက်ထိန်းသိမ်းရာရောက်မယ်"ဟု ပြောသွားခဲ့ဖူးသည်။

သို့အတွက်ကြောင့် အထက်ကတင်ပြခဲ့သည့် တိုက်အမှတ်(၅၃၅၅)တွင် အပေါ်ရေတိုင်ကီမှ လျှံကျလာသည့် ရေကောင်း ရေသန့်တို့ကို အကျိုးရှိစွာ အသုံးချခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အပေါ် အခြားသော နေအိမ် တိုက်ခန်းများအနေဖြင့်လည်း နမူနာယူ၍ သန့်ရှင်းသောသောက်သုံးရေကို ချွေတာသုံးစွဲစေချင်ပါသည်။ ထိုသို့ ချွေတာလိုက်ခြင်းကြောင့် မိမိတို့ပေးဆောင်နေရသည့် ရေမီတာကျသင့်ငွေနှင့် လျှပ်စစ်စွမ်းအင်သုံးစွဲမှုကိုလည်း သိသာစွာ လျော့ကျသွားစေမည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ရွှေကိုမလို ရေကိုသာလိုသည်၊ ရေအသက်တစ်မနက်၊ ရေအကျိုးဆယ်ပါး မတောင်းဘဲနဲ့ ပြည့်သည် စသည်ဖြင့် ရေနှင့်ပတ်သက်သည့် မှတ်သားဖွယ်ရာဆိုစကားတို့သည် လူသားများအပါအဝင် သတ္တဝါအပေါင်းတို့အတွက် ရေသည် အရေးကြီးဆုံးနှင့် ပဓာနအကျဆုံး ဖြစ်သည်ကို ပြဆိုလျက်ရှိပါကြောင်း။

**ကိုပေါက်(ဥက္ကာမြေ)**

# ကယားပြည်နယ်လုံးဆိုင်ရာ (၁၅) ကြိမ်မြောက် ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပ

**ဒီမော့ဆို နိုဝင်ဘာ ၂၀**

ကယားပြည်နယ်လုံးဆိုင်ရာ (၁၅) ကြိမ်မြောက် ရှမ်းနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းက ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာအုပ်စု ကုန်းသာကျေးရွာ၌ ကျင်းပခဲ့ပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ကယားပြည်နယ်လုံးဆိုင်ရာ (၁၅) ကြိမ်မြောက် ရှမ်းနှစ်သစ်ကူးပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကုန်းသာကျေးရွာမှ ရှမ်းယဉ်ကျေးမှု လူငယ်မောင်မယ်များက နှစ်သစ်ကြိုဆိုသည့် အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ ရှမ်းယဉ်ကျေးမှု၏ ထင်ပေါ်ကျော်ကြားသော တိုးနရားအက၊ ခား၊ တုတ်၊ သိုင်းအကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းနှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်အဖြစ် မောင်းနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ရှမ်းတိုင်းရင်းသားရိုးရာ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဆက်လက်ဖျော်ဖြေ၍ ရှမ်းနှစ်သစ်ကို ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၀**

၂၀၁၇ခုနှစ် ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ရက်သတ္တပတ်(Global Entrepreneurship Week GEW-2017) လှုပ်ရှားမှုတစ်ရပ်အဖြစ် စီမံအောင်မြင်လုပ်ငန်းရှင် ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းနှင့် မုံရွာမြို့ရှိ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (စစ်ကိုင်းတိုင်းဒေသကြီး)တို့ ပူးပေါင်းစီစဉ်မှုဖြင့် နိုဝင်ဘာ ၁၈ ရက်က မုံရွာမြို့ အောင်ချမ်းသာရပ်ရှိ အုပ်စိုး(၂)ခန်းမ၌ ကျင်းပသည်။

"၂၀၁၇ခုနှစ် ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ရက်သတ္တပတ်လှုပ်ရှားမှုကို မြို့လေးမြို့မှာ လုပ်ပါတယ်၊ ပုဂံ၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းနဲ့ မုံရွာမြို့တွေမှာ စွန့်ဦးတီထွင်တဲ့လုပ်ငန်းရှင်တွေနဲ့ ပတ်သက်တာတွေကို ဆွေးနွေးကြတာပါ၊ တစ်ပတ်အတွင်း လေးမြို့မှာ ပြုလုပ်တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(စစ်ကိုင်းတိုင်းဒေသကြီး)မှ အဖွဲ့ဝင် ဦးနေလင်းအောင်က ပြောသည်။

ဆွေးနွေးဟောပြောပွဲတွင် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(စစ်ကိုင်းတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးကျော်သန်းလှိုင်က အမှာစကားပြောကြားပြီး မြန်မာစီးပွားစီမံ အမှုဆောင်များအသင်း(Myanmar Business Executives Association-MBE)ဥက္ကဋ္ဌ ဒေါ်လင်းလင်းတင်ထွန်းက ပထမပိုင်းအဖြစ် GEW-2017 နှင့် MEB ၏ လှုပ်ရှားမှုများကို မိတ်ဆက်ရှင်းလင်းကာ ဒုတိယပိုင်းအဖြစ်၊ စီမံအောင်မြင်လုပ်ငန်းရှင်ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြန်မာ့စီးပွားစီမံ အမှုဆောင်များအသင်းမှ အမှုဆောင် ဦးကောင်းငြိမ်းစိုးက Moderator အဖြစ် ဦးဆောင်ကာ မြန်မာ့စီးပွားစီမံ အမှုဆောင်များအသင်းဝင် လုပ်ငန်းရှင်နှစ်ဦးနှင့် မုံရွာမြို့မှ ဒေသခံလုပ်ငန်းရှင်နှစ်ဦးတို့က၊ စီမံအောင်မြင်လုပ်ငန်းရှင် ခေါင်းစဉ်ဖြင့် စွန့်ဦးတီထွင်လုပ်ငန်းအကြောင်း သိကောင်းစရာများကို ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး

**ဟားခါး နိုဝင်ဘာ ၂၀**

ချင်းပြည်နယ် မင်းတပ်ခရိုင်အတွင်းရှိ မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် ညပိုင်းက မင်းတပ်မြို့မြို့မဈေး (နှစ်ထပ်ခွဲ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းနှင့် တည်ဆောက်ရေးတာဝန်ခံများက ဈေးသစ်တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းတပ်မြို့ ခေါ်နူးရိပ်သာ၌ မကွီအိမ်နူးမြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူးက မကွီအိမ်နူးမြို့ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်တွင် ကန်ပက်လက်မြို့ အထက (ဇလပ်ဝါ)ခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားကာ ကန်ပက်လက်မြို့ အထကကျောင်းတွင် ကျောင်းဆောင်သစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သစ္စာလမ်းနှင့် ခရေလမ်းကို ပြည်နယ်ဝန်ကြီးချုပ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မင်းတပ်မြို့ အထက(၁)ခန်းမဆောင်၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၁၅ ရက်တွင် မင်းတပ်မြို့ရှိ ခရိုင်ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသော နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇)ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး မင်းတပ်မြို့၌ တက္ကသိုလ် တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ မင်းတပ်-မတူပီကားလမ်း တစ်လျှောက် ကျောက်ခင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် မတူပီမြို့ သီရိပျံချီဦးဂျေဆန်နိန်း အားကစားရုံဖွင့်ပွဲသို့ တက်ရောက်အားပေးကာ မတူပီမြို့၌ ခရိုင်အဆင့် တိုးချဲ့ဖွဲ့စည်းမည့် ဌာနဆိုင်ရာရုံး မြေနေရာများနှင့် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ နိုဝင်ဘာ ၁၆ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ်သည် မတူပီမြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘုံတလာခန်းမ၌ ပြည်သူလူထုနှင့်တွေ့ဆုံကာ မတူပီမြို့ကို ခရိုင်အဆင့် တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ၊ ပြည်သူများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။ ထို့နောက် မတူပီ-ရေဇွာ ကားလမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေဇွာမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရေဇွာနှင့် လိုင်လင်းပီမြို့တို့မှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်မှု တင်ပြချက်များအပေါ် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နိုဝင်ဘာ ၁၇ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရေဇွာမြို့တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ရေဇွာ-ဟားခါး ကားလမ်း ကျောက်ခင်းနေမှု၊ ထန်တလန်မြို့နယ် နှာရိန်းနယ်မြေ မီးသတ်စခန်း၊ ရဲစခန်းမြေနေရာ၊ ဌာနဆိုင်ရာများ၏ မြေနေရာများနှင့် မြို့တော်ခန်းမဆောက်လုပ်မည့် မြေနေရာများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် နှာရိန်းတိုက်နယ်ဆေးရုံ အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းလိုအပ်ချက် တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

# ပုသိမ်မြို့အဝင်လမ်းအား မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ရန် ၄၈ ပေချဲ့ နိုင်လွန်ကတ္တရာခင်း

**ပုသိမ် နိုဝင်ဘာ ၂၀**
ဧရာဝတီတိုင်းဒေသကြီး၌ ပြည်ထောင်စုစာရင်းဝင် အလျားလိုက်လမ်းမကြီးလေးလမ်းနှင့် ကန့်လန့်ဖြတ်လမ်းကြီးကိုးလမ်း အပါအဝင် လမ်းပေါင်း ၇၇ လမ်းရှိပြီး ယင်းလမ်းများတိုးချဲ့ ပြုပြင်တည်ဆောက်ရေးကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ခွဲဝေတာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

မြို့တော်ပုသိမ်နှင့် တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ရန် ဖောက်လုပ်ထားသော အဝေးပြေး လမ်းမကြီးများထဲတွင် ပုသိမ်-မုံရွာကားလမ်းသည် မိုင်အရှည် ၄၅၀ ရှိပြီး ပုသိမ်-ရန်ကုန်အဝေးပြေးကားလမ်းမကြီးသည် ၁၁၃ မိုင် ၂ ဖာလုံရှိသည်။

ပုသိမ်-ရန်ကုန် ကားလမ်း၏ မိုင်အားလုံးကို ယခင်က ဆောက်လုပ်ရေးဝန်ကြီးဌာနက အိုရီယင်တယ်ဟိုင်းဝေး ကုမ္ပဏီလီမိတက်သို့ B.O.T စနစ်ဖြင့် ချထားဆောင်ရွက်လျက်ရှိသည်။

သို့သော် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ယင်းလမ်းပိုင်းရှိ မြို့တော်ပုသိမ်အဝင်မှ မြို့တွင်းမေတ္တာဦး တံတားအထိ နှစ်မိုင်တစ်ဖာလုံကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ် ဖြင့် B.O.T ကုမ္ပဏီထံမှ ပြန်လည်ရယူ၍ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး တိုင်းဒေသကြီး၏ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန်လမ်းချဲ့ခြင်း၊ မူလကတ္တရာလမ်းအား နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ပုသိမ်ခရိုင်လမ်းဦးစီးဌာနသည် မြို့တော်၏ အဝင်ကားလမ်းကို ယခင် ၁၈ ပေအကျယ်မှ ၄၈ ပေအထိချဲ့ပြီး နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တစ်မိုင်ကို ၄၈ ပေချဲ့၍ နိုင်လွန်ကတ္တရာခင်းခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် တစ်မိုင်တစ်ဖာလုံတို့ကို နိုင်လွန်ကတ္တရာလမ်းအဖြစ်ခင်း၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခရမ်း-စိုးမြင့်**



# ကမ္ဘာ့အဆင့်မီ မြန်မာ့ကော်ဖီမြေဆီလွှာဓာတ်ခွဲစမ်းသပ်စိုက်ပျိုး

**ပြင်ဦးလွင် နိုဝင်ဘာ ၂၀**
မြန်မာနိုင်ငံတွင် ကော်ဖီသီးနှံကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသ၊ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ အောင်ပန်း၊ ရွာငံဒေသ၊ ကရင်ပြည်နယ် သံတောင်၊ တောင်ငူနှင့် နန်ချိုဒေသ၊ ကချင်ပြည်နယ် မြစ်ကြီးနားဒေသ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်၊ ထားဝယ်ဒေသတို့တွင် အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကော်ဖီသည် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် အရည်အသွေးမီလျက်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံအများအပြားသို့ တင်ပို့ရောင်းချလျက်ရှိနေပြီး နိုင်ငံအတွက် နိုင်ငံခြားငွေရှာဖွေပေးနေသော စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာ့ကော်ဖီကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်အတွက် ၂၀၁၈ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ လျာထားသတ်မှတ်ထားပြီး ၂၀၁၈-၂၀၃၀ ခုနှစ်ကာလအတွင်း စိုက်ဧက ၅၀၀၀၀ ပြည့်မီရန်၊ ၂၀၃၀ ပြည့်နှစ်တွင် ကော်ဖီတန်ချိန် ၁၅၀၀၀ ထွက်ရှိရန် ရည်မှန်းဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၅ ရက်က ပြင်ဦးလွင်မြို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဇုံဌာနမှ ခရိုင်နှင့်မြို့နယ် မြေအသုံးချဌာနတာဝန်ခံများ၊ ပြင်ဦးလွင်-နောင်ချိုရှိ ကော်ဖီ Cluster မှ အဖွဲ့ဝင်များ၊ ကော်ဖီစိုက်တောင်သူများနှင့် ကော်ဖီခြံဦးစီးမှူးနှင့် ဝန်ထမ်းစုစုပေါင်း ၁၀၀ ကျော်တို့အား မြေဆီလွှာဓာတ်ခွဲစမ်းသပ် စိုက်ပျိုးခြင်းနှင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ မြေနမူနာကောက်ယူနည်းစနစ်များကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# အခြေခံပညာကျောင်းပေါင်း ၁၆၀၀ ကျော်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးပေးမည်

**ဘားအံ နိုဝင်ဘာ ၂၀**
ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၆၀၀ ကျော်တွင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံးမှ သိရသည်။



ပထမအပိုင်းအနေဖြင့် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းအခြေပြု အသက် ၅ နှစ်မှ ၁၅ နှစ်အထိ အခြေခံပညာကျောင်းပေါင်း ၁၆၇၁ ကျောင်းတွင် ကလေးငယ် ၂၈၆၆၁၈ ဦးကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပြီး ဒုတိယအပိုင်းတွင် ပထမအကြိမ်တွင် ဆေးထိုးရန် ကျန်သောကလေးငယ် အသက်ကိုးလမှ ငါးနှစ်အထိကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ရပ်ရွာအခြေပြုအဖြစ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သွားလာလို့မရတဲ့ ဒေသတွေကိုတော့ ကော်သူလေးကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနက ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ဆေးထိုးနည်းသင်တန်းပို့ချပေးထားတဲ့အပြင် လိုအပ်တဲ့ ဆေးဝါးအထောက်အကူပြုပစ္စည်းနဲ့ ငွေကြေးထောက်ပံ့မှုတွေ ပေးထားပြီးဖြစ်ပါတယ်၊ အဲဒီဒေသတွေမှာတော့ ကျေးရွာပေါင်း ၂၂၇ ရွာက လူဦးရေ ၂၃၈၃၈ ဦးကို ထိုးနှံပေးသွားဖို့ရှိပါတယ်၊ ကျန်တဲ့ ဝေးလံခေါင်ပါးပြီး သွားလာရခက်ခဲတဲ့ နေရာတွေမှာတော့ ကျန်းမာရေးဝန်ထမ်းတွေကပဲ သွားရောက်ပြီးတော့ ကလေးသူငယ် ၁၈၄၇၂ ဦးကို ထိုးပေးသွားမှာဖြစ်တယ်"ဟု ပြည်နယ်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ညွှန်ကြားရေးမှူး ဒေါက်တာနိုင်နိုင်ထွန်းက ရှင်းပြသည်။

တစ်ကမ္ဘာလုံး ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှုအခြေအနေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ဂျပန်ဦးနှောက်ရောင် ဖြစ်ပွားလေ့ရှိသော အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသများရှိ နိုင်ငံ ၂၄ နိုင်ငံရောဂါဖြစ်ပွားမှုနှုန်းမှာ လူဦးရေတစ်သိန်းတွင် နှစ်ဦးခန့်ဖြစ်ပြီး နှစ်စဉ်ရောဂါဖြစ်ပွားသူ ၆၈၀၀၀ ခန့်နှင့် သေဆုံးသူဦးရေ ၁၃၆၀၀ မှ ၂၀၄၀၀ ခန့်ရှိကြောင်း၊ ရောဂါကူးစက်ခံရသူ ၂၅၀ တွင် တစ်ဦးသာပြင်းထန်သည့်ရောဂါဖြစ်ပွားလေ့ရှိပြီး ပုံမှန်အားဖြင့် ကလေးများတွင်သာ အဖြစ်များသော ရောဂါအဖြစ်သတ်မှတ်ထားသော်လည်း အသက်အရွယ်မရွေးဖြစ်ပွားနိုင်ကြောင်း သိရသည်။

ဂျပန်ဦးနှောက်ရောင် ဗိုင်းရပ်စ်ပိုးသယ်ဆောင်ထားသည့် Culex Tritaen iorhynchus ခြင်ကိုက်ခံရလျှင် ရောဂါပိုးကူးစက်၍ဖြစ်ပွားနိုင်ပြီး ဝက်များ၊ ရေစပ်နေငှက်များ၏ခန္ဓာကိုယ်အတွင်း လှည့်ပတ်ကူးစက်ပွားများလေ့ရှိကာ အဆိုပါတိရစ္ဆာန်များကို ကိုက်သည့်ခြင်မှတစ်ဆင့် လူနှင့် အခြားတိရစ္ဆာန်များကို ကူးစက်လေ့ရှိကာ လူတစ်ဦးမှတစ်ဦးသို့ မကူးစက်နိုင်ကြောင်း ၎င်းက ပြောသည်။

ကရင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်တွင် ဦးနှောက်ရောင်လက္ခဏာရှိသော သံသယလူနာ ၄၇ ဦးရှိကာ ဂျပန်ဦးနှောက်ရောင်ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ(JE)၁၇ ဦး၊ ပြည်နယ်အတွင်း ကျောင်းအခြေပြု ကလေးသူငယ် ၂၈၆၆၁၈ ဦး၊ ရပ်ကွက်ကျေးရွာ ၂၀၆၅ တွင် ၁၆၆၀၆၈ ဦးကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးမှ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# နေရပ်စွန့်ခွာစခန်းနေ ပြည်သူများအား မီနီမာရသွန်ပြိုင်ပွဲ ကျင်းပပေး

**မြစ်ကြီးနား နိုဝင်ဘာ ၂၀**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် နိုဝင်ဘာ ၁၈ ရက်က နေရပ်စွန့်ခွာစခန်းနေဒေသခံပြည်သူများအား အစိုးရမဟုတ်သည့် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများမှ ပူးပေါင်း၍ တာတိုအပြေး(မီနီမာရသွန်)ပြိုင်ပွဲ ကျင်းပပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲ၌ မြစ်ကြီးနားမြို့ပေါ်ရှိ နေရပ်စွန့်ခွာ စခန်းအသီးသီးမှ ဒေသခံပြည်သူ ၈၀၀ခန့် ပါဝင်ခဲ့ပြီး ဧရာရပ်ကွက် ဆွမ်ပရာဘွမ်လမ်းမကြီးမှ စတင်တာထွက်ကာ ဗလမင်းထင်တံတားအရှောက်တွင် မြစ်ကြီးနားတက္ကသိုလ်ပတ်လမ်းသို့ ချိုးကွေ့ပြီး သခင်နက်ဖေလမ်းမကြီးအတိုင်း ပြည်နယ်အားကစားကွင်းသို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲ၌ ဆုရရှိသူများကို နေရပ်စွန့်ခွာစခန်းအသီးသီးတွင် သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီးဆုရရှိသူများအားထိုက်တန်စွာပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ UNICEF မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ဝင်းနိုင် (ကချင်မြေ)**

# တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ပုသိမ် အကျဉ်းထောင် စစ်ဆေး

**ဖျာပုံ နိုဝင်ဘာ ၂၀**
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးကျော်မင်းသည် တိုင်းဒေသကြီး တရားလွှတ်တော်ရုံးအဖွဲ့မှူး ဦးဇေယျာတင့်ညို၊ ပုသိမ်ခရိုင်တရားသူကြီး ဒေါ်စိုးဉာဏ်၊ မြို့နယ်တရားသူကြီး ဦးဝင်းအောင်တို့သည် နိုဝင်ဘာ ၁၇ ရက်က ပုသိမ်အကျဉ်းထောင်ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်အကျဉ်းထောင်ရုံးခန်းသို့ စတင်ရောက်ရှိရာ အကျဉ်းထောင်တာဝန်ရှိသူက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့် အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများနေထိုင်သည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများကိုလည်း နေရာထိုင်ခင်း သက်သာချောင်ချိမှုရှိ မရှိ၊ ကျန်းမာရေးမကောင်းပါကဆေးကုသခွင့်ရ မရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများရှိ မရှိ၊ အစားအသောက်အာဟာရစားသုံးရခြင်းအခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရ မရကိစ္စများနှင့်ပတ်သက်၍ မေးမြန်းခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# ကျေးရွာသောက်သုံးရေရရှိရေး စက်ရေတွင်း တူးဖော်ပေး

**မိုးမိတ် နိုဝင်ဘာ ၂၀**
ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၁ ဒသမ ၄ သန်းဖြင့် ပသင်ကျေးရွာအုပ်စု ကြိမ်တောကျေးရွာ၌ အနက်ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုး) ဦးစီးမှူး ဦးဇော်ဝင်း၊ မိုးမိတ်ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများသည် နိုဝင်ဘာလဒုတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းတွင် ဂါလန် ၂၀၀၀ ဆံ့ ကွန်ကရစ်ရေကန်နှင့် ရေစက်ရုံတို့ပါရှိပြီး ပြီးစီးပါက အိမ်ခြေပေါင်း ၁၅၆ အိမ်၊ လူဦးရေ ၇၂၂ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **မောင်မွှေး**

# သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုကာကွယ်တားဆီးရေးဟောပြော

**နေပြည်တော် နိုဝင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၅)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ကျောက်တံတား)တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် Triangle Women Group တို့ ပူးပေါင်း၍ သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောခြင်းကို နိုဝင်ဘာလဒုတိယပတ်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် နှင့် တာဝန်ရှိသူများ၊ Triangle Women Group မှ ဆက်ဆံရေးအရာရှိ ဦးကျော်ဆွေလင်းတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ကျောက်တံတားမြို့မရဲစခန်း ဒုရဲမှူးတိုးမြို့က လူကုန်ကူးမှုကာကွယ်တားဆီးရေးအကြောင်းများ ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ**

# ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကနဦးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဟားခါး နိုဝင်ဘာ ၂၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် DaNa Facility (UK Aid) ပူးပေါင်း၍ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့ရေး ကနဦး အလုပ်ရုံဆွေးနွေးပွဲကို ဟားခါးမြို့၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးမာန်ဟင်းဒါလ်းနှင့် DaNa Facility မှ Mr.Peter Brimble တို့က အမှာစကားပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ချင်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့် အလားအလာများ ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။

လုပ်ငန်းရှင်များနှင့် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ချင်းပြည်နယ်အတွင်း နိုင်ငံခြားနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ၊ မူဝါဒနှင့် မဟာဗျူဟာများကို ပိုမိုသိရှိနိုင်စေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်များ အကောင်အထည်ဖော်ရာ၌ ရင်ဆိုင်ကြုံတွေ့နေရသော အတားအဆီးပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် ချင်းပြည်နယ်၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ချင်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ အရာထမ်းများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ DaNa Facility မှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်အထိ ဆက်လက်ကျင်းပခဲ့သည်။

(သတင်းစဉ်)

# တောတွင်းနေသက်ရှိများ၏ အသံများကို အသံဖမ်းစနစ်ဖြင့် ကွင်းဆင်းသုတေသပြု

**မိုးညှင်း နိုဝင်ဘာ ၂၀**

သစ်တောဦးစီးဌာနနှင့် အမေရိကန်နိုင်ငံမှ သဘာဝထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းကာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာအုပ်စု မိုင်းနောင်ကျေးရွာ အနောက်ဘက် နန့်ကင်ချောင်းဘေး တောတောင်တန်းများ၌ တောတွင်းနေသက်ရှိအကောင်များ၏ အော်မြည်သံများကို အသံဖမ်းစနစ်ဖြင့် ကွင်းဆင်းသုတေသနပြုလုပ်ခြင်းကို နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက် နှစ်ရက်ကြာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အသံဖမ်းစနစ်ဖြင့် တောတွင်းနေသက်ရှိတိရစ္ဆာန်များ၊ အကောင်များကို သုတေသနပြုလုပ်ရာတွင် အဖွဲ့ခေါင်းဆောင်အဖြစ် သဘာဝထိန်းသိမ်းရေးအဖွဲ့(The Nature Conservancy-TNC)မှ အမေရိကန်နိုင်ငံသား Mr.Timothy Murray Boucher က ဦးဆောင်ကာ ဇီဝမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် လေ့လာခြင်းဆိုင်ရာ သုတေသနလက်ထောက် ဦးရဲထွန်းအောင်၊ မိုင်းနောင်ဘိနယ် သစ်တောဌာနမှ တောအုပ်ဦးမျိုးကျော်ဇင်နှင့် အဖွဲ့တို့ ပူးပေါင်းပါဝင်ကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် မိုင်းနောင်ကျေးရွာအနောက်ဘက် နန့်ကင်ချောင်းဘေး တောတောင်တန်းများတွင် ကျက်စားနေထိုင်လျက်ရှိသော တောတွင်းနေ သက်ရှိအကောင်များ၏ လုပ်ရှားသွားလာမှု အသံများနှင့် သဘာဝအလျောက် အော်သံ၊ မြည်သံ၊ တွန်သံ(အသံမျိုးစုံ)တို့ကို အသံဖမ်းစနစ်တပ်ဆင်၍ သုတေသနပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၆၇)

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**ချောင်းဆုံ နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ချောင်းဆုံးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်၍ မြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်နှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ အခြေခံစက်ချုပ်သင်တန်းကို ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ခရိုင်နှင့် မြို့နယ် ဦးစီးမှူးများ၊ ချောင်းဆုံမြို့နယ် အုပ်ချုပ်ရေးမှူးတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ အခြေခံစက်ချုပ်သင်တန်းမှာ ချောင်းဆုံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးသည့် ပထမဆုံး စက်ချုပ်သင်တန်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်ကာ သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဗထူး

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ဒေသခံပြည်သူများတွေ့ဆုံ

**ဘားအံ နိုဝင်ဘာ ၂၀**

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC.S)နှင့် ဘားအံမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၁၇ ရက်က ဘားအံမြို့နယ် ဟတ္တလိုက်ကျေးရွာအုပ်စု နို့အော်လားကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် (JMC.S)(ကရင်) အဖွဲ့ဝင်များက ဒေသခံများနှင့် ရင်းရင်းနှီးနှီး မိတ်ဆက်စကားများ ပြောကြားခဲ့ပြီး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးဝင်းက အမှာစကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့က JMC.S၏ ဖွဲ့စည်းပုံ၊ လုပ်ဆောင်ချက်နှင့် ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အဖွဲ့ဝင်တစ်ဦးက NCA စာချုပ် ဖြစ်ပေါ်လာရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး အဖွဲ့အတွင်းရေးမှူး(၂)က နှစ်ဖက်တပ်များ လိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို ရှင်းလင်းပြောကြားကာ အရပ်သားကိုယ်စားလှယ် ဦးပြည့်စုံနှင့် ဒေါ်နန်းစေးအွာတို့က အရပ်သားပြည်သူများနှင့်ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဘားအံမြို့နယ်အတွင်းရှိ ဟတ္တလိုက်၊ တဂေးလောင်း၊ ကျုံထော်နှင့် မဲသနကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)

# မိုးနဲမြို့နယ်၌ ဘိန်းခင်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ သွားရောက်ဖျက်ဆီး

**မိုးနဲ နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် မိုးနဲမြို့နယ် နောင်လိုင်ကျေးရွာအုပ်စု နောင်ယာဆိုင်းကျေးရွာ အနီးတစ်ဝိုက်တွင် စိုက်ပျိုးထားသော ဘိန်းခင်းများအား နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့က နိုဝင်ဘာလ ဒုတိယပတ်အတွင်းက ခုနစ်ရက်ကြာ ကွင်းဆင်းသွားရောက်၍ ဖျက်ဆီးခဲ့ကြောင်းသိရသည်။ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်နေလှိုင်စိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ ဗိုလ်ကြီးဘိုဘိုအောင် ဦးစီးသော တပ်မတော်သားများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဘိန်းစိုက်ခင်းများကို ပထမဆုံးအကြိမ် သွားရောက်ဖျက်ဆီးခဲ့ခြင်းဖြစ်ကာ ဘိန်းခင်း ၃၆ ဒသမ ၂၂ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြောင်းသိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

## မှုခင်းသတင်းတိုများ

### ရိုက်နှက်လုယက်သူများအား ထောင်၁၀နှစ်နှင့် ခုနစ်နှစ်ပြစ်ဒဏ်များချမှတ်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ၂၀၁၇ ခုနှစ် မေလအတွင်းက ရိုက်နှက်လုယက်မှုကျူးလွန်ခဲ့သူ သုံးဦးအား မကွေးခရိုင်တရားရုံးက နိုဝင်ဘာ ၁၄ ရက်တွင် ပြစ်ဒဏ်များ ချမှတ်ခဲ့ရာ ထိရောက်ဟန့်တားနိုင်လောက်သော ပြစ်ဒဏ်ချမှတ်မှုအဖြစ် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ ခုနစ်နှစ် ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် မေ ၅ ရက်က မြို့သစ်မြို့နယ် ဝါးကြီးအိုင် ပက်မြန်မာရုံးခွဲမှ ချေးငွေအရာရှိ ဦး----သည် စာရင်းစစ် မ----အား ဆိုင်ကယ်နောက်တွင်တင်ဆောင်၍ မောင်းနှင်လာစဉ် ငွေးချိုအနောက်ကျေးရွာအနီး၌ လူသုံးဦးက ဆိုင်ကယ်ကိုတားဆီး၍ အသင့်ပါလာသော သစ်သားတုတ်များနှင့်ရိုက်နှက်ကာ ပါလာသော ရုံးချေးငွေကျပ် ၁၂၆ သိန်း၊ ဦး----၏ ကိုယ်ပိုင်ငွေ ၈၀၀၀၀ ကျပ်၊ မ----၏ ကိုယ်ပိုင်ငွေ တစ်သိန်းကျပ်နှင့် ဘဏ်စာအုပ်(၂)အုပ်၊ATM ငွေထုတ်ကတ်တစ်ခု၊ ဖုန်းနှစ်လုံးတို့ကို လုယက်သွားခဲ့ခြင်းဖြစ်သည်။ လုယူသွားသူများအား ဦး-----က လိုက်လံစုံစမ်းရာ ငွေးချိုအနောက်ရွာနေ ဝင်းကြိုင်၊ ဘိုဌေးနှင့် သန်းဌေး(ခ)သန်းထွန်းဦးတို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား အရေးယူပေးရန် ဝါးကြီးအိုင်နယ်မြေရဲစခန်းတွင် တိုင်ကြား၍ ရဲစခန်းက တရားခံများအား ဖမ်းဆီးစစ်ဆေးကာ မကွေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ပြီး မကွေးခရိုင်တရားရုံးက လက်ခံစစ်ဆေးခဲ့ပြီးနောက် ယခု နိုဝင်ဘာ ၁၄ ရက်တွင် တရားခံ ဝင်းကြိုင်နှင့် ဘိုဌေးအား အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန်နှင့် သန်းဌေး(ခ) သန်းထွန်းဦးအား အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကျော်ဇေယျ

### သစ်တောကြိုးဝိုင်းအတွင်းမှ တရားမဝင် ဘက်ဟိုးယာဉ်တစ်စီးဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ရွှေနှစ်ကျေးရွာနှင့် တာကျဲကျေးရွာကြား သစ်တောကြိုးဝိုင်းအတွင်း၌ တရားမဝင် ဘက်ဟိုးယာဉ်တစ်စီးနှင့် ဆက်စပ်ပစ္စည်းများကို နိုဝင်ဘာ ၁၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ အဆိုပါတောအတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ အကွက်အမှတ် (၂၉) အတွင်းမှ တရားမဝင် ဘက်ဟိုးယာဉ်တစ်စီး၊ တရုတ်နိုင်ငံလုပ် ၂၂ ကောင်အား အင်ဂျင် တစ်လုံးနှင့် ၂၅ ကောင်အား အင်ဂျင် တစ်လုံး၊ မုံအိုး တစ်လုံး၊ မီးစက် တစ်လုံး၊ ရေခရနှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကာ ပစ္စည်းပိုင်ရှင်များမှာ လယ်ဦးကျေးရွာနေ အောင်နိုင်ဦး၊ စန်းဝေနှင့် နားရေကျေးရွာနေ ဇော်လင်းအောင်တို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့သုံးဦးအား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)



### စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နောင်ကိုင်တော်ရပ် အနောက်ပြင်အုပ်စုရှိ နေအိမ်တစ်အိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ နိုဝင်ဘာ ၁၇ ရက်က ဖမ်းမိကြောင်း သိရသည်။ မျိုးအောင်(ခ)မာအောင်၏ နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်ဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ ရဲအုပ်စိုးမြင့်ထွန်းတို့ ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ ပလတ်စတစ်အိပ်ဖြင့်ထည့်ထားသည့် ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ကို ဖမ်းမိခဲ့ခြင်းဖြစ်ကာ မျိုးအောင်(ခ)မာအောင်အား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

### အမျိုးသမီးတစ်ဦး၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံအပေါ်ရွာရှိ အမျိုးသမီးတစ်ဦး၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆေးအသုံးပြုရာတွင် သုံးစွဲသည့်ပစ္စည်းများကို နိုဝင်ဘာ ၁၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာရှိ ဒေါ်မီအို(၅၀ နှစ်) ၏ နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းလွယ်ထားသည့် ချည်လွယ်အိတ်အတွင်းမှ ပလပ်စတစ်ဘူးဖြင့် ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၁ ပြား၊ ထိုင်းဘတ်ငွေရောရာ ဘတ် ၂၃၈၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲရာတွင် အသုံးပြုသည့် ဝါးပြောင်းတပ်လျက် အစိမ်းရောင် ပလတ်စတစ်ဘူးတစ်ဘူးနှင့် အဖြူရောင် ပလတ်စတစ်ဘူး တစ်ဘူးတို့ကို ဖမ်းမိခဲ့၍ ၎င်းအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# သတ္တမအကြိမ် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲကြီးတွင် ပါဝင်ရန် ပညာရှင်များကို ဖိတ်ခေါ်ထား

**ရန်ကုန် နိုဝင်ဘာ ၂၀**

နာဂစ်အလွန် ပန်းပုပြိုင်ပွဲမှ စတင်ခဲ့သည့် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲကို ယနေ့အထိ ဆက်လက်ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း သတ္တမအကြိမ် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲကြီးကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီက တစ်နိုင်ငံလုံးမှ သစ်သားပန်းပု ပညာရှင်များအား ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီသစ်သားပန်းပုပြိုင်ပွဲကြီးက ၂၀၀၈ ခုနှစ် မေလက မြန်မာနိုင်ငံမှာ တိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်းက စခဲ့တာပါ၊ မုန်တိုင်းကြောင့် လဲပြိုသွားခဲ့တဲ့ သစ်ပင်ကြီးတွေကို ထင်းအဖြစ်ကနေ ပန်းပုရုပ်တွေ ထုလုပ်ယှဉ်ပြိုင်စေပါတယ်၊ ဒီနှစ်ပြိုင်ပွဲမှာတော့ သတ္တမအကြိမ် ဖြစ်သွားပြီဖြစ်ပါတယ်၊ အခုနှစ်မှာလည်း စိတ်ကြိုက်နဲ့ မော်ဒန်ဆိုပြီး ပြိုင်ပွဲအမျိုးအစားနှစ်မျိုး ပါဝင်မှာဖြစ်ပါတယ်၊ ဒီနှစ်မှာတော့ ဒါးပိန်နဲ့ ရန်ကုန်က ပန်းပုဆရာတွေအပြင် တစ်နိုင်ငံလုံးက ပန်းပုဆရာတွေပါ ပါဝင်နိုင်အောင် စီစဉ်ထားပြီဖြစ်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက ပြောသည်။

ယခုနှစ်ကျင်းပမည့် သစ်သားပန်းပုပြိုင်ပွဲကြီးတွင် စိတ်ကြိုက်နှင့် မော်ဒန် ပြိုင်ပွဲနှစ်မျိုးမှ တစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့်တတိယဆုများ ချီးမြှင့်မည့်အပြင် အထူးဆုများလည်း ချီးမြှင့်မည်ဖြစ်ကြောင်း၊ ဆုကြေးငွေကို ပထမဆု ကျပ် ၇၅ သိန်း၊ ဒုတိယဆု ကျပ်သိန်း ၅၀ နှင့် တတိယဆု ကျပ် သိန်း ၃၀ သတ်မှတ်ထားသည့်အပြင် အထူးဆုကို ကျပ် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း၊ ရွှေငါးမူးသား ဆုတံဆိပ်များလည်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် သစ်သားပန်းပုပညာရှင်များအား ပန်းပုစတင်ထုလုပ်ရန် ဖိတ်ခေါ်ထားပြီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကုက္ကို၊ ယမနေ အစရှိသော သစ်မာသားများဖြင့်သာ ထုလုပ်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ လူမှုဘဝ ပုံရိပ်များကို ထင်ဟပ်စေသော အရုပ်များဖြင့် ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ် ကျော်ကြားသူများ၏ ပုံတူများနှင့် ဘာသာရေးဆိုင်ရာအရုပ်များ ထုလုပ်ခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပန်းပုပညာရှင်များအနေဖြင့် မိမိတို့ယှဉ်ပြိုင်သော ပန်းပုရုပ်များကို ရန်ကုန်မြို့ ဆရာစံပလာဇာသို့ ဒီဇင်ဘာ ၁၅ ရက် နောက်ဆုံးထားပြီး ပေးပို့၍ ယှဉ်ပြိုင်နိုင်ကာ ဆုချီးမြှင့်ပွဲကို ၂၀၁၈ ဇန်နဝါရီလ နောက်ဆုံးပတ်ထဲတွင် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**



**ဆဋ္ဌမအကြိမ်မြောက် သစ်သားပန်းပုပြိုင်ပွဲ(စိတ်ကြိုက်)ပြိုင်ပွဲတွင် နှစ်ဖဝါးနှစ်ထွာလွတ်မှာလားကွယ် ပထမဆုရရှိသွားသော ပန်းပုရုပ်တုကို တွေ့ရစဉ်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာ သင်တန်းဖွင့်

**ကျောင်းကုန်း နိုဝင်ဘာ ၂၀**

ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၁၇)ကို နိုဝင်ဘာ ၁၇ ရက်က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက အမှာစကား ပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်ဇော်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဒီဇင်ဘာ ၆ ရက်အထိ ရက် ၂၀ ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## တရားရေးဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်

**ပဲခူး နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ နိုဝင်ဘာ ၁၈ ရက် နံနက် ၇ နာရီက တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဦးဆောင်၍ တိုင်းဒေသကြီး တရားလွှတ်တော်၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၇၀ တို့သည် တရားရုံးအတွင်းနှင့် အပြင်တို့အား စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သန့်စင် (ပဲခူး)**

## ချင်းတိုင်းရင်းသားရေးရာဆိုင်ရာ အစည်းအဝေး မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် ပြုလုပ်

**မကွေး နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဝင်များ၊ ချင်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်း အမှုဆောင်များ တက်ရောက်သည့် ချင်းတိုင်းရင်းသားရေးရာဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ချင်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးလှထွန်းက တိုင်းဒေသကြီးအတွင်း တိုင်းရင်းသား စာပေယဉ်ကျေးမှုလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အကြောင်းအရာများ၊ နှစ်(၇၀)မြောက် ချင်းအမျိုးသားနေ့ ကျင်းပမည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။ ထို့နောက် လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများက ချင်းတိုင်းရင်းသားအရေးနှင့် လုပ်ငန်းဆိုင်ရာများကို ဆက်လက် ဆွေးနွေးခဲ့ကြသည်။

လူဦးရေ ၄၁ သိန်းကျော်နေထိုင်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် အသီးသီးတွင် ဟားခါးချင်း ၁၁၀၄၂ ဦး၊ အပ္ပူး(ခ)ချင်းပုံချင်း ၁၄၃၂၀၊ မယင်းချင်း ၆၀၂၀၊ မင်းကျချင်း ၅၉၁၂ ဦး၊ အရှိုချင်း ၆၅၁၂၅ ဦးတို့ အပါအဝင် ဇိုတုန်ချင်း၊ ရိုးတောင်ချင်း၊ ချိုချင်း၊ ဖလမ်းချင်း၊ တီးတိန်ချင်းစသည့် ချင်းတိုင်းရင်းသားပေါင်း ၁၀၅၀၁၃ ဦး အခြေချနေထိုင်ကြသည့်အတွက် လူဦးရေအားလုံး၏ ၂ ဒသမ ၅ ရာခိုင်နှုန်း ရှိနေကြောင်း အဆိုပါအစည်းအဝေးတွင် ချင်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

လတ်တလောတွင် မြို့နယ်အသီးသီး၌ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်း ၂၀ ကို ဖွဲ့စည်းထားရှိပြီး မြို့နယ် ၁၂ မြို့နယ်ရှိ ကျောင်း ၁၅ ကျောင်းတွင် ချင်းတိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၆၆၃ ဦးအား မူလသင်ရိုးများအပြင် ချင်းစာပေများပါ ဖြည့်စွက်သင်ကြားပေးလျက်ရှိကြောင်း ဝန်ကြီးဌာနမှ မှတ်တမ်းများအရ သိရသည်။

**ဇေယျတု(မကွေး)**

## တာချီလိတ်မြို့ ရေပေးဝေရေးလုပ်ငန်းအတွက် ပိုက်လိုင်းများ ဆက်သွယ်တပ်ဆင်လျက်ရှိ

**တာချီလိတ် နိုဝင်ဘာ ၂၀**

တာချီလိတ်မြို့၌ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရှမ်းအရှေ့(တာချီလိတ်) ရေပေးဝေရေးကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ မြို့ရေပေးဝေရေးလုပ်ငန်းအတွက် ရေပိုက်လိုင်းများ ဆက်သွယ်တပ်ဆင်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ရေပေးဝေရေးလုပ်ငန်းများဖြစ်သည့် Weir & Intake Structure ဆောင်ရွက်နေမှု၊ Water Treatment Plant Structure လည်ပတ်နေမှု၊ ပုန်းထွန်ရပ်ကွက်၌ DMA-4 တွင် 450mm HDPE ပိုက်လိုင်း ဆက်သွယ်တပ်ဆင်နေမှု၊ တာလေ့ရပ်ကွက် DMA-2 ရှိ 630mm HDPE ပိုက်လိုင်းမှ ရေရောက်ရှိမှု အခြေအနေနှင့် ရေဖိအားစမ်းသပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် လက်ရှိ မြို့နယ်စည်ပင်သာယာရေးဌာနမှ ရေပေးဝေလျက်ရှိသည့် နမ့်ဖလောက်ရေကာတာတွင် ရေသိုလှောင်မှု၊ နုန်းဆယ်ဆောင်ရွက်ထားမှု၊ ရေဖြန့်ဝေမှု အခြေအနေများနှင့် မြို့တွင်းဗိုလ်ချုပ်လမ်းမကြီးဘေး ဝဲယာ လမ်းသားတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ရှိသူများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဝန်ကြီးက မှာကြားခဲ့သည်။ **ဝေယံလင်း(ပြန်/ဆက်)**



## စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်း မတ္တရာမြို့နယ်၌ ပို့ချ

**မတ္တရာ နိုဝင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းတို့ ပူးပေါင်းမှုဖြင့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မတ္တရာမြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးက မတ္တရာမြို့နယ်သည် စပါးမျိုးစေ့ထုတ်လုပ်ရန် ရေမြေရာသီဥတုသင့်တော်သော ဒေသဖြစ်သည့်အတွက် ယခုသင်တန်းကို လာရောက်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တောင်သူများကိုယ်တိုင် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးနည်းစနစ်များကိုသိရှိရန် လိုအပ်သည့်အတွက် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် တောင်သူများက မိမိတို့၏ လိုအပ်ချက်များကို တိကျသေချာစွာ မေးမြန်းကြရန်နှင့် အခြားသောတောင်သူများကိုလည်း ပညာရပ်များ မျှဝေပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

သင်တန်းသို့ မတ္တရာမြို့နယ်အတွင်း ကျေးရွာများမှ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၆ မှ ၁၈ ရက်အထိ သုံးရက်သင်တန်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးသန်းဝင်းနိုင် ၈/အလန (နိုင်)၁၀၂၀၄၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၄၃၁၆၇၈၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဇော်ထိုက် ၈/တတက (နိုင်)၁၀၂၆၁၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၀၃၀၈၀၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/3765 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မော်တော်ဆိုင်ကယ်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၁၈၃၁၈ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးမျိုးတင့် ၃/ကကရ(နိုင်) ၁၅၅၉၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃c/၁၆၃၅ Toyota Townace KM 75,P/U(4x2)R ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်လှလှချို ၁၀/မလမ(နိုင်)၁၅၁၇၇၈ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၈၉၅၁ Kenbo Gravita 110, MC ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုးဝင်း ၇/ပမန(နိုင်)၁၃၈၅၁၇ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၉၄၁၀ Honda Scoopyi 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ထွေး MDYNW-၀၃၈၀၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၉၅၃၇ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးတီဂလ်ကျဲမ်း ၄/ဟခန(နိုင်)၀၂၂၁၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/3216 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7392 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၄၈၂၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/2822 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/8520 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/3649 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ပုံစံ "ဃ" ပျောက်ဆုံးကြောင်း မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၇၀၄၅ TOYOTA LIACE KM 50 PICK UP ယာဉ်လက်ဝယ်ရှိသူ ရှင်မာရီဘုရားရှိခိုးကျောင်းမှ ပုံစံ 'ဃ' ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ယာဉ်အိုယာဉ်ဟောင်းအပ်နှံရေးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

